မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၁၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၆၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မတ် ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုရိုနိုနှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယမန်နေ့ မွန်းလွဲ ၂နာရီခွဲတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၁၇ ရက်)

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး တိုးမြှင့်ကြိုးပမ်း ဒေသဖွံ့ဖြိုးရေး ဒေသခံတိုင်းရင်းသားပြည်သူများ လက်တွဲပါဝင်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသ(၂၄)ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ကာ ဖော်ဆောင်ပေးလျက်ရှိသည်။

အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့နှင့် အဖွဲ့ငယ်များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီးနောက် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာခဲ့ပြီး ဖွံ့ဖြိုးစည်ပင်လာခဲ့ပြီဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး နယ်မြေဒေသ တည်ငြိမ်မှုမရှိခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်သည် တပ်မတော်အစိုးရလက်ထက် ယနေ့အချိန်အခါ၌ ဖွံ့ဖြိုးတိုးတက်လျက် ရှိနေပြီဖြစ်သည်။

တန့်ယန်းမြို့သည် လားရှိုးမြို့မှ ၈၃မိုင်ကွာဝေးပြီး ပင်လယ်ရေအမြင့်ပေ၃၀၀၀တွင်ရှိသော မြို့ဖြစ်သည်။ လားရှိုးမှနေ၍ နမ့်ပေါင်၊ ဟိုယ၊ နမ့်တုံး၊ လွိုင်ငင်းနှင့် ကျေးရွာ၂၀ကျော်ခန့် ဖြတ်ကျော်သွားရောက်ရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအရ ကျေးရွာများဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး အခြေခံပညာမူလတန်းကျောင်း၊ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးစက်များ၊ အသေးစားရေအားလျှပ်စစ် ထုတ်လုပ်၍ အသုံးပြုနေပြီဖြစ်သည်။

တန့်ယန်းမြို့နယ်၌ တိုင်းရင်းသားပြည်သူများသည် ဘိန်းအစားထိုးသီးနှံအဖြစ် ကော်ဖီ၊ လက်ဖက်၊ ရော်ဘာတို့ကို စိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိသည်။ မြေပဲဧက ၃၂၀၀စိုက်ပျိုးရန် လျာထားခဲ့ရာ ဧက၄၇၅၀စိုက်ပျိုးနိုင်ခဲ့သည်။ ၂၀၀၉ခုနှစ် နွေစပါးဧက ၉၀၀ သတ်မှတ်ထားခဲ့ရာ သတ်မှတ်ချက်ထက်ကျော်လွန်ပြီး ဒေသဝမ်းစာဖူလုံရန် ကြိုးပမ်းလျက်ရှိသည်။

သို့ဖြစ်ပေရာ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော နယ်စပ်ဒေသများကို တပ်မတော်အစိုးရလက်ထက်တွင် အကြားအလပ်မရှိ ဖွံ့ဖြိုးစေရန် ဖော်ဆောင်ခဲ့ရာ၌ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူတို့၏ ကြိုးပမ်းအားထုတ်မှု၊ လုံ့လဝီရိယစိုက်ထုတ်မှုတို့ကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တန့်ယန်းမြို့အပါအဝင် နယ်စပ်ဒေသများ ဖွံ့ဖြိုးစည်ပင်လာလျက်ရှိပြီး မိမိတို့၏ဒေသပိုမိုဖွံ့ဖြိုးလာရေးအတွက် နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင် ကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီ ရုပ်မြင်သံကြား

၁၇-၃-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၄၅ ၆။ ရင်သွေးအတွက် သတိတစ်ချက်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၁၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၂၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ လျှပ်တစ်ပြက်
၆း၃၅ ၁၅။ ကလေးတို့ကမ္ဘာပျော်ရွှင်စရာ
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၁၆)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမှန်တရားရဲ့ဘက်တော်သား** (အပိုင်း-၄)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားပတ်လည်အမှတ်ပေး ဟော်ကီပြိုင်ပွဲဖွင့်

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ညနေ ၃ နာရီခွဲက သိမ်ဖြူဟော်ကီကွင်း၌ကျင်းပသည့် ၂၀၀၉ခုနှစ် ဆဋ္ဌမအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် အမှတ်ပေး ဟော်ကီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြပြီး ပြိုင်ပွဲများကို ကျင်းပသည်။

ယှဉ်ပြိုင်ကစား

အဆိုပါပြိုင်ပွဲတွင် အသင်း ၁၂သင်း ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲကို ဧပြီ ၄ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်တွင်းကြီး၌ ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်များဖွင့်

တောင်တွင်းကြီး မတ် ၁၆

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်စာကြည့်တိုက်အဆောက်အအုံသစ်များ ဖွင့်ပွဲအခမ်းအနားကို မတ် ၈ရက်က တောင်တွင်းကြီးမြို့နယ် လယ်သာ(၁)အုပ်စု သိန်ကုန်းရွာ မိတ်ဆွေသစ်စာကြည့်တိုက်၊ မယ်ဇလီကုန်းရွာ ရွှေမောင်းသံစာကြည့်တိုက်နှင့် ကျီးအောင်းရွာ အောင်သရဖူစာကြည့်တိုက် အဆောက်အအုံသစ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် အုပ်စုဥက္ကဋ္ဌ ဦးသန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၆

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ် ၁၀ရက်က ရန်ကင်းစင်တာနှင့် ဗဟိုဘဏ်ကြားရှိ မြန်မာနိုင်ငံဘဏ်များအသင်း ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပသည်။

ကန်တော့ကြ

အခမ်းအနားတွင် အခမ်းအနားမှူး ကျောင်းသူဟောင်း မမြသီတာဦးက ပူဇော်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းသားဟောင်း ဦးမျိုးသန်းထွန်းက ကန်တော့ချိုးတိုင်ပေးကာ ကျောင်းသားကျောင်းသူဟောင်းများက အပူဇော်ခံ ဆရာမကြီး ၁၂ဦးအား ငွေနှင့်လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။ **(ယာပုံ)**

ဩဝါဒစကားပြောကြား

ဆက်လက်၍ ဆရာမကြီးများကိုယ်စား ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ အငြိမ်းစား ပါမောက္ခဒေါ်စိန်စိန်မြင့်၊ ပါမောက္ခ(ဌာနမှူး) ဒေါ်ဆွေဆွေပွင့်နှင့် ပါမောက္ခဒေါ်သင်းသင်းစိန်တို့က ဩဝါဒစကားပြောကြားကြပြီး ကျောင်းသားကျောင်းသူဟောင်းများကိုယ်စား မကျင်ကျင်ဆွိက ကျေးဇူးတင်စကား ပြောကြားသည်။ **(မြန်မာ့အလင်း)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အမှတ်(၂)စက်မှုလက်မှု အထက်တန်းကျောင်း စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၆

အမှတ်(၂) စက်မှုလက်မှုအထက်တန်းကျောင်း ရန်ကုန်(ဘောင်ဒရီ) T.H.S (2) တွင် ပညာသင်ယူခဲ့ကြသော တပည့်များမှ ဆရာ ဆရာမများအား ဂါရဝပြု ပူဇော်နိုင်ရန်နှင့် ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံနိုင်ရန်အတွက် မတ် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်စာများထုတ်ယူနိုင်

ကျောင်းသားဟောင်းများဖြစ်ကြသည့် ဦးရဲမြင့် ဖုန်း-၀၉-၅၁-၂၁၆၂၄၊ ဦးသန်းအောင်မိုး ဖုန်း-၀၉-၉၉-၂၅၃၅၃၊ ဦးစိုးမောင် ဖုန်း-၀၉-၅၀-၈၁၇၅၈၊ ဦးကျော်မြင့် ဖုန်း-၀၉-၅၁-၁၅၃၂၉၊ ဦးနေအောင် ဖုန်း-၀၉-၅၁-၀၆၁၆၂တို့သို့ ဆက်သွယ်လျှုဒါန်းနိုင်ပြီး အမှတ်၁၈၉၊ အခန်း ၁၁(တတိယထပ်) ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၁-၂၉၇၆၂၉ တွင် ဖိတ်စာများထုတ်ယူနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဗန်းမော်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၁၆

ဗန်းမော်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မတ် ၂၈ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားတောင်ဘက်မုခ် ကျောက်စိမ်းတွင်းဓမ္မာရုံသစ်ကြီး၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်များနှင့် ဗန်းမော်ခရိုင်သူ ခရိုင်သားများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

သက်ကြီးပူဇော်ပွဲအတွက် အသက်၇၅နှစ်နှင့်အထက် အဘိုးအဘွားများကိုယ်တိုင် တက်ရောက် အပူဇော်ခံပါရန်နှင့် ပညာရည်ချွန်ဆုအတွက် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် အသင်းသူ အသင်းသားများ၏ သားသမီးများ၏ အမည်စာရင်းကို အမှတ်စာရင်းနှင့်တကွ ဦးစိန်မောင် ဖုန်း-၀၁-၅၄၃၃၀၄၊ ၀၉-၅၁-၀၆၉၀၇၊ ဦးတင်မောင်အေး ဖုန်း-၀၉-၅၁-၆၀၅၅၂၊ ဒေါ်ရီရီဝေ ဖုန်း-၀၉-၅၀-၀၄၃၃၉၊ ဦးခင်မောင်သင်း ဖုန်း-၀၉-၅၁-၈၇၅၂၃၊၀၁-၆၆၂၅၂၈၊ ဦးစန်းအောင် ဖုန်း-၀၉-၅၁-၄၄၇၇၅၊ ၀၁-၅၄၆၃၃၅ နှင့် ဦးမျိုးတင့် ဖုန်း-၀၉-၅၀၀-၇၂၇၄၊ ၀၁-၃၉၃၃၆၄ တို့သို့ ဆက်သွယ်ပေးပို့ရန်နှင့် အလှူငွေ လှူဒါန်းခြင်း မပြုရသေးသူများလည်း အထက်ပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မျိုးပွားကျန်းမာရေး သိလိုရာမေး အစီအစဉ် စတင်မည်

ရန်ကုန် မတ် ၁၆

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)က ကြီးမှူး၍ မျိုးပွားကျန်းမာရေးနှင့် ပတ်သက်ပြီး သိရှိလိုသည်တို့အား သီးသန့်တယ်လီဖုန်းလိုင်းဖြင့် ဆက်သွယ်မေးမြန်း ဆွေးနွေးနိုင်သည့် ပညာပေးအစီအစဉ်ကို မတ်၂၃ရက်မှ စတင်၍ ဆောင်ရွက်မည်ဖြစ်သည်။

ဆက်သွယ်မေးမြန်း

သို့ဖြစ်၍ မေးမြန်း ဆွေးနွေးလိုသူများသည် ဖုန်း-၀၁-၃၇၅၅၆၅ သို့ ရုံးဖွင့်ရက်များတွင် နံနက်၁၀နာရီမှ ညနေ၃နာရီအတွင်း ဆက်သွယ် မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Totok Prianamto တို့က နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့၌ မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၁၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်မှာ သာယာဝတီမြို့တွင် ၄၀ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နမ့်စန်မြို့တွင် ၁ဒသမ၀၂လက်မ၊ ကော့သောင်းမြို့တွင် ၀ဒသမ၃၆လက်မ၊ ဟသ္သာတမြို့တွင် ၀ဒသမ၂၄လက်မ၊ မိုင်းဆတ်မြို့နှင့် ကျိုက္ကမီမြို့တို့တွင် ၀ဒသမ၁၂လက်မစီနှင့် တောင်ကြီးမြို့တို့တွင် ၀ဒသမ၀၄လက်မ တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ်၁၇ရက် ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကြိုတင်သတိပေးစနစ်များ ပိုမိုတိုးတက်စေရေး လုပ်ငန်းညှိနှိုင်း

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံနှင့် UNESCAP တို့အကြား ကျွမ်းကျင်မှုနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် ကြိုတင်သတိပေးစနစ်များ ပိုမိုတိုးတက်စေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ရေးဦးစွာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး UNESCAP မှ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဌာန အကြီးအကဲ Mr. Eduard Rene Bastiaans က ကျွမ်းကျင်မှုနည်းပညာ အထောက်အကူပြုရေး မစ်ရှင်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်က နာဂစ်မုန်တိုင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အသီးသီးဆွေးနွေးကြကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဟားခါး၌ ကတ္တရာလမ်းခင်း

ဟားခါး မတ် ၁၆

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အထက(၃) သွားလမ်းကတ္တရာခင်းခြင်းလုပ်ငန်းခွင်ကို မတ် ၁၄ ရက်က အမှုဆောင်အရာရှိ ဦးတမ်အောင်နှင့် လ/ထအင်ဂျင်နီယာဦးဇော်မြင့်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လောင်စာတွေကိုရှင်း
မီးဘေးအန္တရာယ်ကင်း

Self-Branding ဟောပြောဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၁၆

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူးကျင်းပသည့် Self-Branding အကြောင်း ဟောပြောဆွေးနွေးပွဲကို မတ်၁၄ရက်က မန္တလေးမြို့ရှိ Hotel Mandalay ၌ ကျင်းပရာ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ဟောပြောဆွေးနွေးခဲ့ပြီး မန္တလေးမြို့ရှိ CEO မဂ္ဂဇင်းဖတ်ရှုသူများ၊ ကုမ္ပဏီလုပ်ငန်းအသီးသီးမှ မန်နေဂျာအဆင့်ဆင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပံ့ပိုးကူညီ

အဆိုပါဆွေးနွေးပွဲကို မင်းကြီးကြိုက်လုံချည်က အဓိက ပံ့ပိုးကူညီထားပြီး အောင်သမာဓိရွှေဆိုင်၊ မြတ်မန္တလာထွန်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၊ Sweety Home တို့ကလည်း ပံ့ပိုးကူညီခဲ့ကြသည်။

ဆွေးနွေးပွဲတွင် တူဒေးစာအုပ်တိုက်မှထုတ်ဝေသည့် လုံးချင်းစာအုပ်များကို ၁၀ရာခိုင်နှုန်းလျှော့ဈေးဖြင့် ရောင်းချပေးခဲ့ပြီး CEO မဂ္ဂဇင်းအနေဖြင့် မန္တလေးမြို့တွင် ဒုတိယအကြိမ်မြောက် ကျင်းပသော ဆွေးနွေးပွဲဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ် တပေါင်းလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)
၁၇-၃-၂၀၀၉ ရက်(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အတီးပြိုင်ပွဲ
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၀ ၇။ **နောက်မကျရအောင်** မင်းသူ၊ ကျော်ထူး၊ မိုးပြည့်ပြည့်မောင်၊ ဒေါ်အေးအေးမြင့် (ဒါရိုက်တာ-ကြည်စိုး)
၈:၂၀ ၈။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၉။ International News
၈:၄၀ ၁၀။ Local Talent
၈:၅၀ ၁၁။ နှောင်းခေတ်တေးပဒေသာ
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၅ ၃။ အကပြိုင်ပွဲ
၄:၃၅ ၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
၄:၅၀ ၅။ **မျှော်သူမမောစေချင်** စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၅:၀၀ ၆။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၅:၁၅ ၇။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
၅:၃၀ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၃၅ ၉။ တေးဂီတအစီအစဉ်
၅:၄၅ ၁၀။ ကြိုးစားဖွေရှာ စွမ်းအင်လောင်စာ
၅:၅၀ ၁၁။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၄။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၅ ၁၅။ ဆိုလိုက်ကြစို့
၇:၂၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွဲ့ဆိုးဆိုးသူ ကိုယ့်ချစ်သူ** (အပိုင်း-၂၁)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်** (အပိုင်း-၂)
၂၁။ အစီအစဉ်ပြီး၏။

❒ ကျောဖုံးမှ

လျှပ်စစ်ဓာတ်အားကို သုံးစွဲရာတွင် အရေးကြီးဆုံး သတိပြုရမည့်အချက်မှာ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေမည့် စံချိန်စံညွှန်းမီ လျှပ်စစ်ပစ္စည်းများကို စနစ်တကျ တပ်ဆင်အသုံးပြုခြင်းပင်ဖြစ်သည်။ မီးလောင်မှုအတော်များများမှာ လျှပ်စစ်အန္တရာယ်နှင့်မကင်းသည့် ဝိုင်ယာရှော့မှတစ်ဆင့် ဖြစ်ပွားခြင်းဖြစ်ရာ ယင်းကိစ္စကို အထူးအလေးထားကြရမည်ဖြစ်ပေသည်။

အန္တရာယ်ကင်းစွာ

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာကြိုးများဖြင့် အဆင့်ဆင့်သွယ်တန်းအသုံးပြုကြရသည်။ ထို့ကြောင့် လျှပ်စစ်ကြိုးသည် လျှပ်စစ်ဓာတ်အား တစ်နေရာမှတစ်နေရာသို့ ပို့လွှတ်ရာတွင် အရေးပါသည့် ဆက်သွယ်ရေး လျှပ်ကူးပစ္စည်းဖြစ်သည်။ ထိုသို့ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူသုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာကြိုးများအား မိမိသုံးစွဲမည့် ဝန်အားအလိုက် သင့်တော်မည့် လျှပ်စစ်ဝိုင်ယာကြိုး အရွယ်အစားအမျိုးမျိုးအသုံးပြုကာ အန္တရာယ်ကင်းစွာဖြင့် လျှပ်စစ်ဗို့အား အပြည့်အဝရရှိရေး ဆောင်ရွက်ကြရသည်။

မြန်မာနိုင်ငံတွင် တည်ဆောက်ဆဲ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများ တည်ဆောက်ပြီးစီးပါက လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ရာ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းမည့် လျှပ်စစ်ဝိုင်ယာကြိုးများမှာ သတ်မှတ်လျှပ်စီးအားကို ခံနိုင်ရည်ရှိရန်နှင့် အရည်အသွေးပြည့်မီရန် လိုအပ်လေသည်။ သုံးစွဲမှုဝန်အားများလာသည်နှင့်အမျှ ဝိုင်ယာကြိုးများအတွင်း လျှပ်စီးအား စီးဆင်းမှုများလာမည်ဖြစ်သည်။ ထိုအခါ ဝိုင်ယာကြိုး၏ ခုခံမှုအနည်းအများပေါ်မူတည်ပြီး ဗို့အားလည်း ကျဆင်းလာမည်ဖြစ်သည်။

စီးဆင်းသည့်လျှပ်စီးအား

ဝိုင်ယာကြိုးအတွင်း ဗို့အားကျဆင်းမှုကို သုံးစွဲသူအများစုမှာ သတိမပြုမိကြချေ။ ဝိုင်ယာကြိုးအတွင်း ဗို့အား ကျဆင်းမှုသည် ယင်းဝိုင်ယာကြိုးအတွင်း စီးဆင်းသည့် လျှပ်စီးအားနှင့် ဝိုင်ယာကြိုး၏ ခုခံမှုတို့၏ မြှောက်လဒ် (V=IR) ပင်ဖြစ်သည်။ ဝိုင်ယာကြိုး၏ ခုခံမှုသည် သုံးစွဲသည့်ဝိုင်ယာကြိုးအမျိုးအစားအရ ယင်းဝိုင်ယာကြိုး၏ အရည်ပေါ် မူတည်လေသည်။ ပြည်သူများအနေဖြင့် သိထားသင့်သည်မှာ အရည်အသွေးကောင်းမွန်သော ဝိုင်ယာကြိုးအမျိုးအစားသည် ခုခံမှုနည်းမည်ဖြစ်ပြီး အရည်အသွေးညံ့သော ဝိုင်ယာကြိုးအမျိုးအစားတွင် ခုခံမှုများကာ ဗို့အားကျဆင်းမှုလည်း များလေသည်။ ထိုအခါ လျှပ်စစ်ဓာတ်အားဆုံးရှုံးမှု (Line Loss $P=I^2R$) တွင်လည်း ပိုများကာ လျှပ်စစ်ဓာတ်အား သုံးစွဲသူများနှင့် နိုင်ငံတော်ကပါ ဆုံးရှုံးနစ်နာမှုဖြစ်ရသည်။ ထို့ကြောင့် သွယ်တန်းသော လျှပ်စစ် ဝိုင်ယာကြိုးများ၏ အမျိုးအစား၊ အရွယ်အစားနှင့် အရည်အသွေးကောင်းရန် အထူးလိုအပ်သည်။

အရည်အသွေးကောင်းမွန်သော ဝိုင်ယာကြိုးဆိုရာတွင် ဝိုင်ယာကြိုးကိုအုပ်ထားသည့် လျှပ်ကာပစ္စည်း အမျိုးအစားမှာလည်း အရည်အသွေးကောင်းမွန်ပြီး သတ်မှတ် စံချိန်စံညွှန်းပြည့်မီရန် လိုအပ်လေသည်။ သတ်မှတ်စံချိန်စံညွှန်းမီသော လျှပ်ကာပစ္စည်းဆိုသည်မှာ မိုးကြိုးပစ်သည့်အချိန်၌ ဖြစ်ပေါ်တတ်သည့် လျှပ်တစ်ပြက်ဗို့အားမြင့်တက်မှုကို ခံနိုင်ရည်ရှိရပေမည်။ ထို့အပြင် အသုံးပြုသည့် ဗို့အားဖြင့် သက်တမ်းပြည့် အသုံးပြုနိုင်ပြီး အသုံးပြုသောနေရာဝန်းကျင်၏ သာမန်အပူချိန်နှင့် အစိုဓာတ်ကိုပါ ခံနိုင်ရည်ရှိရပေမည်။

ပြည်သူများအနေဖြင့် ထိုသို့သောအချက်အလက်များကိုမသိသဖြင့် အရည်အသွေးညံ့ဖျင်းသော ဝိုင်ယာကြိုး များကို အသုံးပြုမိပါက ဗို့အားကျဆင်းခြင်း၊ ဝိုင်ယာကြိုးအတွင်း ဓာတ်အားဆုံးရှုံးမှုဖြစ်ပေါ်ခြင်း၊ ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့အတွက်ပါ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်နိုင်လေသည်။ လျှပ်စစ်သုံးစွဲသူပြည်သူများ အထူးသတိပြုရမည့် အချက်များပင်ဖြစ်သည်။

ဆုံးရှုံးမှုများနှင့်ကြုံတွေ့

သို့သော် မြန်မာ့ဈေးကွက်အတွင်းသို့ ယခုအခါ ပြည်ပမှ အရွယ်အစားမမှန်သော ဝိုင်ယာကြိုးနှင့် ကြေးနီအုပ်ဒန်ကြိုးတို့ဖြင့် ပြုလုပ်ထားသည့် ဝိုင်ယာကြိုးအတုများ တံဆိပ်အမျိုးမျိုးဖြင့် ဈေးနှုန်းလျှော့ကာ ပြည်ပမှ တင်သွင်းရောင်းချနေမှုများကို တွေ့မြင်နေရသည်။ သတ်မှတ် အရည် အသွေးလည်းမပြည့်၊ စံချိန်စံညွှန်းလည်းမမီသည့် ဝိုင်ယာကြိုးများကို အလွယ်တကူ ဝယ်ယူသုံးစွဲမိပါက အန္တရာယ်ကြီးမားသော ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရနိုင်သည်။

ဖူလုံအောင်ထုတ်လုပ်ပေး

မြန်မာနိုင်ငံတွင် နေရာဒေသအသီးသီး၌ စက်မှုဇုန်များ တည်ထောင်ပေးထားသည်။ စက်မှုဇုန်များကို နိုင်ငံ့အကြီးအကဲများက တိုးတက်ဖွံ့ဖြိုးစေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသဖြင့် ပြည်ပသွင်းကုန်အစားထိုး စက်မှုထုတ်ကုန် အမယ်အမျိုးမျိုး ထုတ်လုပ်နိုင်ပြီဖြစ်သည်။ ပြည်တွင်းလျှပ်စစ်ဝိုင်ယာကြိုးထုတ်လုပ်ရာတွင် သတ္တုတွင်းဝန်ကြီးဌာနက ထုတ်လုပ်သည့် သန့်စင်မှု ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းရှိ လျှပ်စစ်သုံးကြေးပြားများကို အသုံးပြုပြီး နိုင်ငံတကာအရည်အသွေးမီ လျှပ်စစ်ဝိုင်ယာကြိုးများအား နိုင်ငံတော်ပိုင်စက်ရုံများမှလည်းကောင်း၊ ပြည်တွင်းစက်မှုဇုန်များရှိ ပုဂ္ဂလိကပိုင်စက်ရုံများမှလည်းကောင်း ပြည်တွင်းသုံးစွဲမှု ဖူလုံနိုင်ရန် ထုတ်လုပ်ပေးလျက်ရှိနေပေပြီ။

ထို့ကြောင့် ပြည်ပမှ အရည်အသွေးမမီသော ဝိုင်ယာကြိုးများကိုသုံးစွဲပြီး အန္တရာယ်ကို ဖိတ်ခေါ်မည့်အစား ပြည်တွင်းဖြစ် အရည်အသွေးမီ ဝိုင်ယာကြိုးများကိုသာ သုံးစွဲသင့်ကြပေသည်။ သို့မှသာ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများတွင် လျှပ်စစ်ကြောင့် မီးလောင်ဆုံးရှုံးမှုများကို တားဆီးကာကွယ်ရာ ရောက်မည်ဖြစ်ပေသည်။

ထုတ်လုပ်မှုတိုးတက်လာ

ထို့အပြင် နိုင်ငံတော်ပိုင်နှင့် ပြည်တွင်းပုဂ္ဂလိကစက်ရုံများမှ ထုတ်လုပ်သော အရည်အသွေးမီ ဝိုင်ယာကြိုးများကို သုံးစွဲခြင်းသည် နိုင်ငံခြားငွေကုန်ကျမှုလျော့နည်းစေသည့်အပြင် သွင်းကုန်အစားထိုးပစ္စည်း ထုတ်လုပ်မှုတိုးတက်လာကာ လျှပ်စစ်ဓာတ်အား ဆုံးရှုံးမှုများကိုလည်း လျော့နည်းစေသည့်အတွက် လျှပ်စစ်အန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်း၊ သွင်းကုန်အစားထိုး လျှပ်စစ်ဝိုင်ယာကြိုး ထုတ်လုပ်မှု တိုးတက်ကောင်းမွန်အောင် အားပေးခြင်းဖြင့် ပြည်ပမှ နည်းလမ်းအမျိုးမျိုးဖြင့် ဝင်ရောက်လာသော စံချိန်စံညွှန်းမမီသည့် ဝိုင်ယာကြိုးတင်သွင်းမှုများကို စိစစ်တားဆီးခြင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

ရက်ရွှေ့ဆိုင်းထားခဲ့ရသော ဒစ္စကာဗာရီလွန်းပြန်ယာဉ် ကနေဒီအာကာသစခန်းမှ နာဆာအဖွဲ့လွှတ်တင်

ဖလော်ရီဒါ မတ် ၁၆

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်းက မတ် ၁၆ရက်တွင် နာဆာအဖွဲ့မှ ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ်ကို ၁၄ရက်ကြာ ခရီးစဉ်အဖြစ် နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ လွှတ်တင်လိုက်ကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။

အထိုင်ချတပ်ဆင်

လွန်းပြန်ယာဉ်နှင့် လိုက်ပါသွားသော အာကာသယာဉ်မှူးနှင့်အဖွဲ့သားများသည် နိုင်ငံတကာ အာကာသယာဉ်စခန်း၏ လုပ်ငန်းတိုးချဲ့နိုင်ရန် လျှပ်စစ်စွမ်းအင်ကို ထုတ်လုပ်ပေးနိုင်သည့် နေရောင်ခြည်စွမ်းအင်သုံး ကိုယ်ထည်ကို သယ်ဆောင်လာမည်ဖြစ်ပြီး ယင်းတို့ကို နိုင်ငံတကာ အာကာသယာဉ် စခန်းတွင် အထိုင်ချတပ်ဆင်မည်ဖြစ်သည်။



ဇျူကလီးယား ဓာတ်အားပေးစက်ရုံ

တရုတ်နိုင်ငံ ကျီကျင်းပြည်နယ်၌ တည်ဆောက်လျက်ရှိသည့် နျူကလီးယား ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်ကို မတ် ၁၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါဝင်

အာကာသယာဉ်မှူးခုနစ်ဦး ပါဝင်သော အဖွဲ့တွင် နိုင်ငံတကာ အာကာသယာဉ် စခန်း၌ ဂျပန်နိုင်ငံအနေဖြင့် ပထမဦးဆုံး ရေရှည်အခြေချနေထိုင်မည့် အာကာသ ယာဉ်မှူးဖြစ်သူ ကိုအီချီဝါကာတာလည်း ပါဝင်ကြောင်း သိရသည်။

ရွှေ့ဆိုင်း

ဒစ္စကာဗာရီလွန်းပြန်ယာဉ်တွင် စက်ပိုင်းဆိုင်ရာပြဿနာများရှိနေခြင်းကြောင့် လွန်ခဲ့သည့်လက ယင်းအားလွှတ်တင်မည့် အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ရသည်။

အထောက်အကူပြု

နေရောင်ခြည်စွမ်းအင်သုံး ကိုယ်ထည် မှရရှိသည့် လျှပ်စစ်စွမ်းအားသည် အာကာသ ယာဉ်မှူး ခြောက်ဦး၏ လုပ်ငန်းတိုးချဲ့ လုပ်ကိုင်မှုကို အထောက်အကူပြုမည် ဖြစ်သည်။ **(အင်တာနက်)**

ဒစ္စကာဗာရီလွန်းပြန်ယာဉ်

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ဒစ္စကာဗာရီလွန်းပြန်ယာဉ်ကို မတ် ၁၆ရက်က လွှတ်တင်လိုက်စဉ်။

(အင်တာနက်ဓာတ်ပုံ)

ကန်တို့ ဒုံးကျည်ဖြင့်ပစ်ခတ် ပါကစ္စတန်အရပ်သားများသေဆုံး

ဂျာနီခေလ် မတ် ၁၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မတ် ၁၆ ရက်က အမေရိကန်တပ်ဖွဲ့ဝင်တို့ ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်မှုကြောင့် အရပ်သားငါးဦး သေဆုံးသွားကြောင်း ပါကစ္စတန် အရာရှိများက ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်မှုမှာ ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဘန်နူခရိုင် ဂျာနီခေလ်ကျေးရွာ နေအိမ်တစ်အိမ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များက ဒုံးကျည်ဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ဒုံးကျည်ဖြင့်ပစ်ခတ်မှုမှာ နှစ်လအတွင်း ခြောက်ကြိမ်မြောက်ဖြစ်ကြောင်း ၄င်းတို့က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အိန္ဒိယ ပန်ဂျပ်ပြည်နယ်၌ စုပေါင်းသွေးလှူဒါန်း

နယူးဒေလီ မတ် ၁၆

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် မတ်၁၆ရက်က ပြည်သူ ၁၈၂၀၇ ဦးတို့ စုပေါင်းသွေးလှူဒါန်းမှုတစ်ရပ် ပြုလုပ်ခဲ့ကြကြောင်း အိန္ဒိယကျန်းမာရေး အရာရှိများက ပြောကြားသည်။

သီးသန့်လှူဒါန်း

အဆိုပါ သွေးလှူဒါန်းပွဲတွင် ဆရာဝန် ၂၅၀၊ စေတနာ့ဝန်ထမ်း ၃၀၀၀ခန့်အပါအဝင် ပြည်သူများက စုပေါင်း သွေးလှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ ထိုသို့သွေးစုပေါင်းလှူဒါန်းမှုကို ပန်ဂျပ်ပြည်နယ် အနန်ပူရာ ဆာဟိဘ်မြို့တွင်ဖြစ်ပြီး သွေးသွင်းကုသရန် လိုအပ်သော လူနာများအတွက် သီးသန့် လှူဒါန်းခြင်းဖြစ်ကြောင်း ၄င်းတို့က ပြောကြားသည်။

(အင်တာနက်)

ဖမ်းဆီးထားသည့် အစ္စရေးတပ်ဖွဲ့ဝင်များ ပြန်လွှတ်ပေးရန် အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်နောက်ဆုံး ကြိုးပမ်း

ဂျေရုဆလမ် မတ် ၁၆

ပါလက်စတိုင်းစစ်သွေးကြွများ ဖမ်းဆီးထားသည့် အစ္စရေးတပ်ဖွဲ့ဝင်များကို ပြန်လွှတ်ပေးရေး နောက်ဆုံးကြိုးပမ်းသည့်အနေဖြင့် အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်က စေ့စပ်ရေးသမားနှစ်ဦးအား အီဂျစ်နိုင်ငံသို့ မတ် ၁၄ရက်က လွှတ်ပေးလိုက်သည်။

ဖမ်းဆီးထား

၂၀၀၆ခုနှစ် ဇွန်လတွင် ပါလက်စတိုင်း စစ်သွေးကြွများက နယ်စပ်ဖြတ်ကျော် တိုက်ခိုက်ပြီးနောက် အစ္စရေးတပ်ကြပ် ဂါလက်ရှာလစ်အား ဖမ်းဆီးခေါ်ဆောင်သွားသည်။ထိုအချိန်ကတည်းက ဂါလက်ရှာလစ်ကို ပါလက်စတိုင်း ဟားမတ်စ်စစ်သွေးကြွများက ဂါဇာ၌ ဖမ်းဆီးထားခဲ့သည်။

လွှတ်ပေးမည်

ဂါလက်ရှာလစ်ကို ပါလက်စတိုင်းတို့က ပြန်လွှတ်ပေးလျှင် အစ္စရေးတို့ဘက်ကလည်း ဖမ်းဆီးထားသည့် ပါလက်စတိုင်း သုံ့ပန်း ရာနှင့်ချီ၍ လွှတ်ပေးမည်ဟု ကမ်းလှမ်းသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အာဖဂန်နစ္စတန်၌ ဗုံးခွဲတိုက်ခိုက်၊ ၁၁ဦး သေဆုံး

ကဘူးလ် မတ် ၁၆

အာဖဂန်နိုင်ငံ ဟယ်မန်ပြည်နယ်တွင် မတ် ၁၆ရက်က ဗုံးခွဲတိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင်ကိုးဦး အပါအဝင် ၁၁ဦး သေဆုံးသွားကြောင်း အာဖဂန်နစ္စတန် အရာရှိများက ပြောကြားသည်။

အနည်းငယ်ပျက်စီး

ဗုံးခွဲတိုက်ခိုက်မှုမှာ လက်ရှ်ခါမြို့တွင်ဖြစ်ပြီး ပြည်နယ်ရဲတပ်ဖွဲ့ရုံးအနီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ရုံးအဆောက်အအုံ အနည်းငယ် ပျက်စီးသွားသည်။

ဗုံးပေါက်ကွဲ

ထို့အတူ အာဖဂန်နစ္စတန် အနောက်တောင်ပိုင်း ဖာရက်မြို့တွင်လည်း မတ် ၁၆ရက်က ဗုံးပေါက်ကွဲမှုကြောင့် အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

(အင်တာနက်)

ပျက်စီး

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာမြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၁၆ရက်က တွေ့ရစဉ်။

(ယင်းပေါက်ကွဲမှုကြောင့် တစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသည်)

(အင်တာနက်ဓာတ်ပုံ)

တောင်တရုတ်ပင်လယ်၌ ဗီယက်နမ်သင်္ဘောနစ်မြုပ်

ကွမ်ကျို့ မတ် ၁၆

တရုတ်နိုင်ငံ ကွမ်စီကျောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အနောက်တောင်ဘက် ပင်လယ်ကမ်းလွန် ရေမိုင်၂၂မိုင်အကွာ တောင်တရုတ်ပင်လယ်အတွင်း၌ မတ်၁၄ ရက်ညပိုင်းက ဗီယက်နမ်နိုင်ငံမှ ကမ်းရိုးတန်း သယ်ယူပို့ဆောင်ရေး သင်္ဘောတစ်စင်း နစ်မြုပ်ရာ သုံးဦးသေဆုံးပြီး လေးဦးပျောက်ဆုံး လျက်ရှိကြောင်း တရုတ်နိုင်ငံ ရေကြောင်းသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဆက်လက်ရှာဖွေ

ယင်းဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးသင်္ဘောများနှင့် ရဟတ်ယာဉ်များ အသုံးပြုကာ သွားရောက်ကယ်ဆယ်ခဲ့ရာ သေဆုံးသူများကို ရှာဖွေတွေ့ရှိခဲ့ပြီး ပျောက်ဆုံးသူများအား ဆက်လက်ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

(အင်တာနက်)

ကမ္ဘောဒီးယား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားမည်

ဖနောင်ပင် မတ် ၁၆

ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ၂၀၀၉ခုနှစ်အတွင်း အနည်းဆုံး သုံးရာခိုင်နှုန်း တိုးမြှင့်သွားရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းမှ အရာရှိများက ပြောကြားသည်။

ကျဆင်း

ကမ္ဘောဒီးယားနိုင်ငံတွင် ပြီးခဲ့သည့် ၂၀၀၈ခုနှစ်က ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုကျဆင်းခဲ့သည်။ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းရှိနေချိန်ဖြစ်သော်လည်း ကမ္ဘောဒီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများလာရောက်မှု တိုးတက်ရေးနည်းလမ်းများ စီစဉ်ထားကြောင်း ၄င်းတို့က ပြောကြားသည်။

နှိုင်းယှဉ်ပါက

ကမ္ဘောဒီးယားနိုင်ငံတွင် ယမန်နှစ် ဇန်နဝါရီလက ကမ္ဘာလှည့်ခရီးသွားများရောက်ရှိမှုနှင့် ယခု ၂၀၀၉ခုနှစ် ဇန်နဝါရီလက ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုနှိုင်းယှဉ်ပါက ယခုနှစ် ဇန်နဝါရီလ၌ ၂ ဒသမ ၁၉ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ **(အင်တာနက်)**

17-3 (04).pmd 1 3/17/2009, 1:38 AM

စီအိုင်အေအကျဉ်းစခန်းမှ ညှဉ်းပန်းနှိပ်စက်မှုများ အိုင်စီအာရ်စီ၏ အစီရင်ခံစာ၌ ဖော်ပြကြောင်း ဝါရှင်တန်ပို့စ် ဖွင့်ချ

ဝါရှင်တန် မတ် ၁၆

စီအိုင်အေ အကျဉ်းစခန်းများ၌ ဖမ်းဆီးထားသော အယ်လ်ခိုင်ဒါအကျဉ်းသားများအား သမ္မတဟောင်းဘုရှ်၏ အမေရိကန်အစိုးရလက်ထက်က စစ်ဆေးမေးမြန်းခြင်းများမှာ ညှဉ်းပန်းနှိပ်စက်ရာရောက်ကြောင်း နိုင်ငံတကာကြက်ခြေနီကော်မတီ(အိုင်စီအာရ်စီ)က ကောက်ချက်ချသည်ဟု ဝါရှင်တန်ပို့စ်သတင်းစာက မတ်၁၆ရက်တွင် ဖော်ပြလိုက်သည်။

အိုင်စီအာရ်စီ၏ ၂၀၀၇ခုနှစ် အစီရင်ခံစာကို ကောက်နုတ်ကာ ဝါရှင်တန်ပို့စ်သတင်းစာက အထက်ပါအတိုင်း ဖွင့်ချလိုက်ခြင်းဖြစ်သည်။

တားမြစ်

အမေရိကန်နိုင်ငံသည် အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်ခြင်းသည် မဖွယ်မရာဆက်ဆံခြင်းမပြုရန် တားမြစ်ထားသည့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း အဆိုပါ လျှို့ဝှက်အစီရင်ခံစာ၌ ဖော်ပြထားသည်။ ၂၀၀၆ခုနှစ်တွင် ဂွမ်တာနာမိုအကျဉ်းစခန်းသို့ ပြောင်းရွှေ့ပြီးနောက် စီအိုင်အေ၏ ထိပ်တန်းအရေးကြီး အကျဉ်းသား ၁၄ဦးနှင့် တွေ့ဆုံမေးမြန်းချက်များကို အခြေခံ၍ အိုင်စီအာရ်စီက အစီရင်ခံခြင်းဖြစ်သည်ဟု သတင်းစာက ဖော်ပြသည်။

ဝိုင်းဝန်းပြစ်တင်

သမ္မတဟောင်းဘုရှ်၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးမူဝါဒမှာ လူ့အခွင့်အရေးနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်မှုအဖြစ် ကမ္ဘာနှင့်အဝန်း ဝိုင်းဝန်းပြစ်တင်ရှုတ်ချခံခဲ့ရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် ဘာနီဂက်လိုက်မြို့ဆိပ်ကမ်းတွင် ကုန်သေတ္တာပုံသဏ္ဌာန် ဆောက်လုပ်ထားသော အပန်းဖြေရေပေါ်ဟိုတယ်တစ်လုံးကို မတ် ၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆင်းရဲမွဲတေမှု တိုက်ဖျက်မည်ဟု အာမ ခံသူ အယ်လ်ဆာဗေဒို သမ္မတရွေးကောက်ပွဲ၌ အနိုင်ရ

ဆန်ဆာဗေဒို မတ် ၁၆

အယ်လ်ဆာဗေဒိုနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် အတိုက်အခံ လက်ဝဲနိုင်ငံရေးသမား မော်ရီစီယိုဖူးနက် အနိုင်ရလျက်ရှိကြောင်း ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့် စာရင်းများအရ သိရသည်။

မဲစာရင်းများအရ မော်ရီစီယိုဖူးနက်က ထောက်ခံမဲ ၅၁ဒသမ ၂၇ရာခိုင်နှုန်း၊ အာဏာရ အရီးနားပါတီမှ ရိုဒရီဂိုအဗီလာက ၄၈ဒသမ ၇၃ရာခိုင်နှုန်း အသီးသီး ရရှိသည်။

အာမခံထား

မော်ရီစီယိုဖူးနက်က ပညာရေး၊ ကျန်းမာရေး၊ ပြုပြင်ရေးနှင့် နိုင်ငံအတွင်း ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးတို့ကို ဦးစားပေးဆောင်ရွက်မည်ဟု အာမခံထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မက္ကဆီကိုနိုင်ငံမြို့တော် မက္ကဆီကိုစီးတီးတွင် ပုံစံသစ် တီထွင်ထုတ်လုပ်ထားသော တက္ကစီအမျိုးအစားသစ်တစ်စီး မောင်းနှင်နေသည်ကို မတ်၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိုပက်အဖွဲ့၏ ရေနံထုတ်လုပ်မှုပမာဏ လက်ရှိအတိုင်းထားရှိရန် ဆုံးဖြတ်

ဗီယင်နာ မတ် ၁၆

နိုင်ငံတကာရေနံဈေးနှုန်းများ ကျဆင်းနေသဖြင့် ရေနံစိမ်းထုတ်လုပ်မှု ထပ်မံလျှော့ချမှုမပြုလုပ်ရန် (၁၅၂)ကြိမ်မြောက် ရေနံတင်ပို့ရောင်းချသည့်နိုင်ငံများ (အိုပက်)မှ ရေနံဝန်ကြီးများညီလာခံက မတ်၁၅ရက်တွင် ဆုံးဖြတ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဆုံးဖြတ်ချက်ချ

အဆိုပါညီလာခံက လက်ရှိရေနံစိမ်း ထုတ်လုပ်မှုပမာဏအတိုင်း ဆက်လက်ထားရှိပြီး လက်ရှိထုတ်လုပ်နေသည့် အချိုးအစားအတိုင်း အခိုင်အမာထုတ်လုပ်ခြင်းဖြင့် ရေနံဈေးနှုန်း မြှင့်တင်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ဆွေးနွေး

ခြောက်နာရီခန့် ဆွေးနွေးခဲ့သည့် အဆိုပါ ညီလာခံတွင် ရေနံဝန်ကြီးများက ရေနံဈေးကွက်အခြေအနေကို ဆန်းစစ်ပြီး လက်ရှိရေနံထုတ်လုပ်မှု ပမာဏအတိုင်း မပြောင်းမလဲ ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ကြသည်။

ပြန်လည်သုံးသပ်

အိုပက်အနေဖြင့် အဖွဲ့ဝင်တစ်နိုင်ငံစီ၏ ရေနံထုတ်လုပ်မှု သတ်မှတ်ချက်ခွဲတမ်းအတိုင်း ထုတ်လုပ်မှုရှိ၊မရှိနှင့် ရေနံဈေးနှုန်း ထိခိုက်မှု ရှိ၊ မရှိ ပထမဆုံး ပြန်လည်သုံးသပ်ရန်လိုအပ်ကြောင်း အိုပက်၏ ပြောရေးဆိုခွင့်ရှိသူ ကိုမာအီဘာရာဟင်က ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာ ပြည်နယ်မြို့တော် ကန်ဒါဟာစီးတီးမြို့တွင်း၌ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို မတ်၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိန္ဒိယ - ချီလီ ကုန်သွယ်ရေးတိုးမြှင့် လက်တင်အမေရိက ဈေးကွက်များ အိန္ဒိယဝင်နိုင်မည်

နယူးဒေလီ မတ် ၁၆

အိန္ဒိယနှင့် ချီလီ နှစ်နိုင်ငံ ကုန်သွယ်ရေးပမာဏ ၂၀၁၄ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ဘီလီယံအထိ ရောက်ရှိရေးအတွက် နှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှုတိုးမြှင့်သင့်ကြောင်း စီတူးစက်မှုလုပ်ငန်းအဖွဲ့က တိုက်တွန်းလိုက်သည်။

ဝင်ရောက်နိုင်

အိန္ဒိယနိုင်ငံအနေဖြင့် ချီလီနိုင်ငံနှင့် ကုန်သွယ်ရေးစာချုပ်များ ချုပ်ဆိုခြင်းဖြင့် တောင်အမေရိကဈေးကွက်များအတွင်း ဝင်ရောက်နိုင်မည်ဖြစ်သည်ဆိုသည်။

ချုပ်ဆို

ချီလီနိုင်ငံသည် ကနေဒါ၊ အမေရိကန်၊ အီးယူနှင့် မက္ကဆီ အစရှိသော တောင်အမေရိကနိုင်ငံများနှင့် လွတ်လပ်စွာ ကုန်သွယ်ရေးစာချုပ်များ ချုပ်ထားသည်ဆို၏။

အမ်အင်န်အေ၊ပီတီအိုင်

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

ကင်းလှည့်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး အာဖဂန်နစ္စတန်တောင်ပိုင်း၌ သေဆုံး

လန်ဒန် မတ် ၁၆

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသရှိ ဟယ်လ်လမန့်ပြည်နယ်တွင် ကင်းလှည့်တာဝန်ထမ်းဆောင်စဉ် ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင်ဖော်ပြထားသည်။

သေဆုံး

ဖော်ပြပါ တပ်ဖွဲ့ဝင်နှစ်ဦးသည် ဂမ်ဆာခရိုင်တွင် ဗုံးဖောက်ခွဲခံရသဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ ၄င်းတပ်ဖွဲ့ဝင်နှစ်ဦးသည် တော်ဝင်လျှပ်စစ်နှင့် အင်ဂျင်နီယာတပ်ဖွဲ့မှ ဖြစ်သည်။

ကြေညာချက်

၄င်းတို့နှစ်ဦး သေဆုံးကြောင်း မိသားစုများထံသို့ အကြောင်းကြားထားသည်ဟု အထက်ပါ ဝန်ကြီးဌာန၏ကြေညာချက်တွင် ပါရှိသည်။ ဗြိတိသျှတပ်ဖွဲ့ဝင် ၈၁၀၀ ကျော်ခန့်သည် အာဖဂန်နစ္စတန်နိုင်ငံတွင် အခြေစိုက်စခန်းချထားသည်။ တပ်ဖွဲ့ဝင်များကို ဟယ်လ်လမန့်ပြည်နယ်တွင် အများဆုံးဖြန့်ကြက်ထားသည်။ ယင်းပြည်နယ်သည် တာလီဘန်ခေါင်းဆောင် ပြောက်ကျားများ၏ အမာခံနယ်မြေဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ရုရှားဗုံးကြဲလေယာဉ်များ ဗင်နီဇွဲလားလေတပ်စခန်းများ အသုံးပြုနိုင် သမ္မတ ဟူဂိုချာဗက်ဇ် ပြောကြား

ကရာကတ်စ် မတ် ၁၆

ရုရှားနိုင်ငံမှ မဟာဗျူဟာဗုံးကြဲလေယာဉ်များ ဗင်နီဇွဲလားနိုင်ငံရှိ အခြေစိုက်စခန်းများကို အသုံးပြုနိုင်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က မတ်၁၅ရက်တွင် ပြောကြားသည်။

ကူညီမည်

ရုရှားမဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်များ ဗင်နီဇွဲလားနိုင်ငံတွင် ရပ်နားရန်လိုအပ်ပါက ဗင်နီဇွဲလားနိုင်ငံက ကူညီမည်ဟု ချာဗက်ဇ်က ရုရှားသမ္မတ မက်ဗီဒက်သို့ ပြောကြားသည်။

စမ်းသပ်ပျံသန်းမှုများ

ရုရှားတီယူ-၁၆၀ ဗုံးကြဲလေယာဉ်များသည် ပထမဆုံးအကြိမ်အဖြစ် ဗင်နီဇွဲလားနိုင်ငံတွင် ရပ်နားကြပြီး ကရစ်ဘီယန်ဒေသ၌ စမ်းသပ်ပျံသန်းမှုများပြုလုပ်ခဲ့ကာ ကင်းလှည့်မစ်ရှင်တာဝန်များ ဆောင်ရွက်ခဲ့သည်ဟု ၂၀၀၈ခုနှစ် စက်တင်ဘာလအတွင်းက ချာဗက်ဇ်က ပြောကြားခဲ့သည်။

ပြောကြား

ရုရှားလေယာဉ်များ ဗင်နီဇွဲလားနိုင်ငံတွင် ရပ်နားရန် ပြောကြားမှုသည် မိမိက လာအော်ကီလာအခြေစိုက်စခန်းကို ပေးအပ်မည့် သဘောမသက်ရောက်ကြောင်း ချာဗက်ဇ်က ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

(၆၄)နှစ်မြောက်တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု တောင်တွင်းကြီးမြို့နယ်၌ ကျေးလက်စာကြည့်တိုက်များဖွင့်

တောင်တွင်းကြီး မတ် ၁၂

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်တွင်းကြီးမြို့နယ် ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်များ ဖွင့်ပွဲ အခမ်းအနားကို မတ် ၇ရက်ကကျင်းပရာ ဝက္ကသေးကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာ လူငယ်အားမာန်စာကြည့်တိုက်နှင့် သပြေလေးပင် မျိုးဆက်သစ်ရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် အုပ်စုဥက္ကဋ္ဌ ဦးကျော်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနား

ဆက်လက်၍ ကံစုအုပ်စု ကံစုကျေးရွာ အောင်မောင်းအလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပရာ အုပ်စုဥက္ကဋ္ဌက အဖွင့်အမှာစကားကိုလည်းကောင်း၊ မြို့နယ် ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးခိုင်မာရေး ဦးစီးကော်မတီအတွင်းရေးမှူး ဦးအောင်ကျော်ငြိမ်းက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ စာရေးဆရာဘုန်းဝင်းခေါင်(မြန်မာမှု)က စာပေထဲက ဗဟုသုတများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ အလှူရှင်ဦးရဲမြင့်ထွန်း မြို့နယ်ဗီဒီယိုအခြေခံကော်မတီဝင်နှင့် အလှူရှင် ၂၀တို့က ငွေကျပ်နှစ်သိန်းခန့်တန်ဖိုးရှိ သုတ၊ ရသ၊ မဂ္ဂဇင်းနှင့် ဂျာနယ်စာအုပ်မျိုးစုံ ၉၉၉ အုပ်ကို ပေးအပ်လှူဒါန်း၍ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်၊ ကံစုကျေးရွာဥက္ကဋ္ဌ ဦးစံသိန်းနှင့် နယ်မြေ တာဝန်ခံ ဦးနိုင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကွန်ဟိန်းမြို့တွင် ကျင်းပ

ကွန်ဟိန်း မတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၀ရက် နံနက်၁၀နာရီက ကွန်ဟိန်း အထကကျောင်းခန်းမဆောင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိုက်ဝေဖြိုး တက်ရောက် အမှာစကားပြောကြားသည်။ (ဝဲပုံ)

ဟောပြော

ထို့နောက် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ တွဲဖက်အတွင်းရေးမှူး တပ်ကြပ်ကြီးညွန့်တင်(ယာဉ်ထိန်း)က ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ အသိပညာများ ပညာပေးဟောပြောသည်။

ဆုချီးမြှင့်

ဆက်လက်၍ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ ကဗျာ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူအသီးသီးက ဆုများချီးမြှင့်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ နှင့် ကျောင်းသားကျောင်းသူ စုစုပေါင်းအင်အား ၁၅၀ခန့် တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မီး သတိပြု

လုပ်ငန်းကျွမ်းကျင်မှု သင်တန်းသားများ သမဝါယမလုပ်ငန်းဆိုင်ရာများ ကွင်းဆင်းလေ့လာ

နေပြည်တော်ပျဉ်းမနား မတ် ၁၀

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ လုပ်ငန်းကျွမ်းကျင်မှု သင်တန်းသား ၅၆ဦးသည် ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲ ၁၂နာရီခွဲက နေပြည်တော်ပျဉ်းမနား သမဝါယမလုပ်ငန်းဆိုင်ရာများ ကွင်းဆင်းလေ့လာကြသည်။

ရှင်းလင်းပြောကြား

ရေးဦးစွာ မြို့နယ်သမဝါယမမှ တည်ထောင်ထားသော သုခမြိုင်သမဝါယမ မိုတယ်သို့ရောက်ရှိလာရာ သမဝါယမဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်စိုးက မိတ်ဆက်စကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးခင်မောင်မြင့်က လက်ရှိ မိုတယ်၏ စီးပွားရေးတိုးတက်မှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြသ

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ပြန်လည်ဖြေကြားပြီး(**အောက်ပုံ**)ဆက်လက်၍ ရန်ကုန်-မန္တလေး လမ်းဘေးရှိ နေပြည်တော် မော်တော်ယာဉ်အထွေထွေသမဝါယမလုပ်ငန်းသို့ သွားရောက်လေ့လာကြရာ အသင်းစုအတွင်းရေးမှူး ဦးစိုးမြင့်က ပြင်ဆင်ရေးလုပ်ငန်းများကို ရှင်းလင်းပြသကြောင်း သိရသည်။

(ဝ၈၄)

ဆုချီးမြှင့်

ဝါဏိဇ္ဇဘွဲ့ရများအသင်းမှ ကြီးမှူး၍ ရန်ကုန်စီးပွားရေးတက္ကသိုလ် ၂၀၀၄-၂၀၀၅တွင် **B.Com; B.Act; B.B.A** ဘွဲ့ရရှိသူ ကျောင်းသားကျောင်းသူများအား ပါမောက္ခဆရာကြီးဝီလျံပေါ် အမှတ်တရ ရွှေတံဆိပ်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ်၈ရက်က ရန်ကုန်မြို့ အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည်ဥယျာဉ်၌ ကျင်းပရာ **B.Act** ဘွဲ့တွင် ပထမ ရွှေတံဆိပ်ဆုရ ကျောင်းသူ မသင်းသင်းစိုးအား နာယက ဦးသန်းဝင်းက ဆုချီးမြှင့်စဉ်။ (ဝါဏိဇ္ဇဘွဲ့ရများအသင်း)

ရေစကြိုမြို့၌ ကွင်းသာယာလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရေစကြို မတ် ၁၆

ရေစကြိုမြို့ ကွင်းသာယာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ငွေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ယင်းလမ်းသည် အလျားပေ ၆၀၀၊ အနံ ၁၂ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းတံတား တည်ဆောက်ရေးလုပ်ငန်းမှ ခွင့်ပြုရန်ပုံငွေကျပ် ၃၃၇၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။

(ဝ၆၉)

ဝိုင်းမော်မြို့နယ်၌ ရွှေ့သို့စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဝိုင်းမော် မတ် ၁၆

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စန်းကားကျေးရွာ၌ ရွှေ့သို့စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၅ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးဘောမ်ယိန်း၊ ကျေးရွာဥက္ကဋ္ဌ ဦးမုန်ရာတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားကာ မြို့နယ်ဦးစီးမှူး ဦးဘောမ်ယိန်းက စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ခိုင်မာရေးကိုဆွေးနွေးပြီး စာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံးနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးရယ်ဇော်င်းက လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း သဘာဝဘေးဖောင်ပိတ်သတင်း

ဆွစ်ဇာလန်နိုင်ငံ ဆီးလ်မြို့၌ ဆီးနှင်းများထူထပ်စွာ ကျဆင်း ထုသုံးပေခန့်ရှိပြီး နှစ် ၂၀အတွင်း အဆိုးရွားဆုံးဖြစ်

ဆီးလ် မတ် ၁၆

ဆွစ်ဇာလန်နိုင်ငံ ဆီးလ်မြို့နှင့်အနီးပတ်ဝန်းကျင်ဒေသများတွင် မတ် ၁၆ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းခဲ့ကြောင်း ဆွစ်ဇာလန်နိုင်ငံ မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။

ဆိုးရွားစွာကျဆင်း

ဆီးနှင်းများ အဆက်မပြတ် ဆိုးရွားစွာကျဆင်းမှုကြောင့် ဆီးလ်မြို့ရှိ မော်တော်ကားလမ်းများပေါ်၌ ဆီးနှင်းများ သုံးပေထုအထိ ကျဆင်းခဲ့သည်။ ထို့အတူ အိမ်ခေါင်မိုးများပေါ်တွင် ဆီးနှင်း သုံးပေခန့်အထိ ဖုံးလွှမ်းခဲ့သည်။

လေယာဉ်ခရီးစဉ်များ ရွှေ့ဆိုင်း

ထိုသို့ ဆီးနှင်းများ ဆိုးရွားစွာကျဆင်းခဲ့မှုကြောင့် မော်တော်ယာဉ်သွားလာမှုများ ပြတ်တောက်သွားခဲ့ပြီး လေယာဉ်ခရီးစဉ်များ ရွှေ့ဆိုင်းခဲ့ရကြောင်း၊ သန့်ရှင်းရေးဝန်ထမ်းများက ဆီးနှင်းများကို ဖယ်ရှားနေရကြောင်း သိရသည်။ ယခု ဆီးနှင်းကျဆင်းမှုမှာ နှစ်ပေါင်း၂၀အတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း ဆွစ်ဇာလန်အရာရှိများက ပြောကြားသည်။ (အင်တာနက်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၆)အမှတ်(၆)ထုတ်ဝေ

ရန်ကုန် မတ် ၁၆

ကျေးလက်နေ ပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၆) အမှတ်(၆)ကို မတ်၁၅ရက်က ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် ခေတ်မီစက်မှုလယ်ယာမှသည် စပါးပန်းတိုင်အထွက်ဆီသို့၊ သစ်သီးဝလံများ ခူးဆွတ်ချိန်တွင် ရောင်းတမ်းဝင် မျက်နှာပန်းလှရန်လို၊ ငွေချည်-၆ ဝါစိုက်ခင်းများ ဝါပိုးနီကို ကာကွယ်ပါ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ဝက်မွေးတာချင်းအတူတူ၊ နွားငယ်လေးများ ကျန်းမာရေး နို့ဦးရည်တိုက်ကျွေးပေး၊ ဝက်ဝမ်းလျှောမှု ကာကွယ်ရန်ရောဂါကာကွယ်အားဖြည့် ဆေးရည်များသုံးသင့် စသည့် မွေးမြူရေးဆောင်းပါးများ၊ ပိစပ်ပင်သည် ဆေးဝါးစာရင်းဝင်တော့မည်တဲ့လား၊ ခဝဲသီးပင်၏ ဆေးဖက်ဝင်ပုံ၊ သစ်သီးများစားသုံးလျှင် စင်ကြယ်အောင် ရေဆေးပြီးမှ စားသုံးသင့်၊ ကျန်းမာခြင်းအတွက် နည်း(၁၀)ချက် စသည့် ကျန်းမာရေးဆောင်းပါးများ၊ ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မည်၊ ဒေသခံပြည်သူများ၏ ဆန္ဒနှင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ ထပ်တူဖြစ်လျက်ရှိ၊ တို့ကျေးရွာဘုရားပွဲ စသည့် အသိပညာပေးသုတ၊ ရသ ဆောင်းပါးများ၊ နိုင်ငံတကာ အားကစားသတင်းများ၊ ညောင်ပင်တစ္ဆေဝေလေလေ ဝတ္ထုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ပုံပြင်၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို သုတ၊ ရသစုံလင်စွာဖြင့် ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆ နှင့် ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် မတ် ၁၆

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Chinnery Assets Limited သည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် AD-6 တွင် 2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် ISKATEL-5 ဖြင့် မတ် ၂၃ရက်ခန့်မှ ဧပြီ ၃၀ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Point-A တွင် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၉မိနစ် ၅၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၃၅မိနစ် ၁၀စက္ကန့်၊ Point-B တွင် မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၂၂မိနစ် ၅၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၂၇မိနစ် ၃၅စက္ကန့်၊ Point-C တွင် မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၂၂မိနစ် ၁၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၂၅မိနစ် ၁၀စက္ကန့်၊ Point-D တွင် မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၁၄မိနစ် ၃၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၁၇မိနစ် ၃၀စက္ကန့်၊ Point-E တွင် မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၀၈မိနစ် ၁၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၁၇မိနစ် ၃၀စက္ကန့်နှင့် Point-F တွင် မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၁၅မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၄၄မိနစ် ၀၀ စက္ကန့်တို့အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် AD-6 တွင် 2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် ISKATEL-5 ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေး ကြေညာထားသည်။ **(သတင်းစဉ်)**

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၆

'ဆိုမာလီပင်လယ်ဓားပြလက်မှ လွတ်မြောက်ခဲ့သူ မြန်မာသင်္ဘောသား ကုန်းပတ်မှူး ဦးထွန်းထွန်းနှင့် တွေ့ဆုံခြင်း' သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၆၉)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယနေ့ ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် ကြေးခေတ်နှင့် သံခေတ် အထောက်အထားများ တွေ့ရှိ၊ ဒုက္ခပင်လယ်ဝေနေတဲ့ မလေးရှားရောက် အမျိုးသမီး အလုပ်သမားများ၊ မြန်မာ-အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံ ဓာတ်ငွေ့ပိုက်လိုင်း၊ (JICA)က ရန်ကုန်မြို့တွင် ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ အကူအညီပေးသွားမည်၊ ရဲယို Cosmetic ဆပ်ပြာ အာရှနိုင်ငံများမှ အမှာရ၊ ခန္ဓာကိုယ်ကို သံချောင်းထုတ်ချင်းပေါက် စိုက်ဝင်ခဲ့သော်လည်း ကံကောင်းလို့ အသက်မသေတဲ့ ကလေးငယ်၊ မတ် ၂၁ရက် မျှော်စင်ကျွန်းမှာ ဖျော်ဖြေမယ့် Iron Cross၊ စိုင်းစိုင်းခမ်းလှိုင် အင်္ဂလန်နိုင်ငံသို့ ခရီးထွက်ခွာ၊ နေစွမ်းအားသုံး မီးအိမ်များ အိန္ဒိယက မြန်မာသို့ပေးအပ်၊ ငွေဆောင် ဆင်စခန်းသို့ ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည်တွင်းခရီးသွားများ စတင်စိတ်ဝင်စားလာပြီ၊ ရန်ကုန်မြစ်အတွင်း ကူးတို့သမ္ဗန်နစ်မြုပ်မှုဖြစ်ပွား၊ စင်ကာပူ အမျိုးသမီးများနှင့် ဘိန်းဖြူခိုးထုတ်ခြင်း၊ ဆိုးဆေးပါတဲ့ လက်ဖက်အန္တရာယ်ရှိတယ်လို့ဆိုတာတောင်မှ ရောင်းတဲ့သူကရောင်း ဝယ်စားတဲ့သူက စားတုန်း၊ စင်ကာပူမှာ ကျောင်းထားမှာလား၊ ကနေဒါနိုင်ငံသား သတ်ဖြတ်မှုနှင့် ထိုင်းကြေးစားလူသတ်သမားအား ဖမ်းဆီး၊ ဖူးစာရှင်အစစ်အမှန် မတွေ့သေးပါဘူးဆိုတဲ့ နေတိုး၊ မြဝတီ-မဲဆောက် ကုန်သွယ်ရေး ပုံမှန်အတိုင်းရှိ၊ တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် ရွှေဖရုံသီးတင်ပို့ခဲ့၊ လေစွမ်းအားမှ လျှပ်စစ်ထုတ်လုပ်ရန် မြန်မာနှင့် ထိုင်း ပူးပေါင်းဆောင်ရွက်မည်၊ စင်ကာပူနိုင်ငံမှ ပုဂ္ဂလိကစာသင်ကျောင်း နှစ်ကျောင်း ပိတ်သိမ်းလိုက်သည့်အတွက် ဒုက္ခရောက်ခဲ့ရတဲ့ ကျောင်းသားများ၊ အထောက်အထား ခိုင်မာစွာ ပြသလျှောက်ထားပါက မိကျောင်းများ ရောင်းချပေးမည်၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ လမ်းများ အဆင့်မြင့်မှု ၂၀၁၀ အမီပြီးစီး၊ အီရန်ကိုအနိုင်ယူရန် အမေရိကန်က အသုံးချလိုက်သည် ရုရှားအနိုင်ဖဲ၊ မြောက်ကိုရီးယား ဒုံးကျည်များအား ဂျပန်က ပစ်ချနိုင်ဟုဆို စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေ ဖြန့်ချိလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ရူပဗေဒ ၁၉၇၂-၇၇ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၆

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ရူပဗေဒ ၁၉၇၂-၇၇ ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲကို မတ်၂၉ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်ရှိ (ASIA PLAZA HOTEL) တွင် ကျင်းပမည်ဖြစ်ရာ ဒေါ်မာလာတိုး ဖုန်း-၆၆၃၈၁၅၊ ဦးသန်းလင်း ဖုန်း-၅၄၉၀၉၀၊ ဦးမြင့်ဝင်း ဖုန်း-၀၉-၉၉-၇၁၅၉၅၊ ၂၂၀၇၆၄၊ ဦးချစ်စိန် ဖုန်း-၀၉-၅၁-၆၈၃၅၆နှင့် ဒေါက်တာ ဒေါ်ခင်မာကြူ ဖုန်း-၅၈၅၀၂၅၊ ၀၉-၅၀-၁၈၄၈၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၃-၂၀၀၉ (အင်္ဂါနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**အသက်ရှည်စေချင်ပါတယ်** တရားတော် အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်)
၈း၀၀-၂း၀၀	ငြိမ်းချမ်းမြေမှရတနာလာဘ မုနိ ဆုတောင်းပြည့်မြွေဘုရား
၈း၁၅-၂း၁၅	Sunday Talk
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	မေတ္တာကိုအခြေပြုလို့ အလင်းလှူတဲ့ခရီးစဉ် (မလှိုင်မြို့နယ်) (အပိုင်း-၂)
၉း၄၅-၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	Yangon Panorama (Tip Top Lubricant ကုန်ပစ္စည်းမိတ်ဆက်ပွဲ)
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	ဖွံ့ဖြိုးဝေစည်ရေတာရှည်
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	ပန်းကလေးများသဖွယ် နုနုနယ်နယ်အရွယ်
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	သူတို့ပြောတဲ့သူတို့အကြောင်း (ရုပ်ရှင်သရုပ်ဆောင် ငှက်ပျောကြော်နှင့် တွေ့ဆုံခြင်း)
၁၁း၅၅-၅း၅၅	စိုက်ပျိုးရေးသမားများအတွက် သတင်းကောင်း
၁၂း၀၅-၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀-၆း၁၀	သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့
၁၂း၂၅-၆း၂၅	Music Gallery (တေးသံရှင်ရဲ့ တေးလက်ဆောင်-ရင်ဂို)
၁၂း၄၅-၆း၄၅	ဂေါက်ယူဆင်နွဲ Yangon Golf Club ၏ ရာပြည့်ပွဲ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၁၀	Arsenal -Hull City	STAR SPORTS (Live)

မြန်မာ့အလင်း သ တင်း ပ ဒေ သာ အ တို အ ထွာ

ရန်ကုန် မတ် ၁၆

ကျိုက်ထိုအသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၈ရက် (စနေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင် မှော်ရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ တက်ရောက်ကြရန် နိုးဆော်ထားသည်။

ကုန်စည်ပြပွဲ ကျင်းပမည်

နိုင်ငံတကာအဆင့်မီ Yangon Expo 2009 ကုန်စည်ပြပွဲကြီးကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၂၀ရက်မှ ၂၃ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြည်တွင်းပြည်ပ ပစ္စည်းများကို အခမဲ့ လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

ကွန်ပျူတာပညာရှင်အသင်း ပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Application Development ပြိုင်ပွဲကို မတ်၂၇ရက် (သောကြာနေ့) နံနက်၉နာရီ၌ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ e-learning Centre တွင် ကျင်းပမည်ဖြစ်ရာ နှစ်ဦးပါဝင်သော အဖွဲ့ဖြင့် ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး မတ်၂၅ရက် နောက်ဆုံးထား၍ အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။

တာမွေ ပန်းချီဆရာများ၏ ပန်းချီပြပွဲ

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်အသင်း တာမွေမြို့နယ်ကဦးစီး၍ ပန်းချီဆရာ ၁၄ဦး၏ ပန်းချီပြပွဲကို ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)ပြခန်း၌ မတ် ၁၃ရက်မှ ၁၇ရက်အထိ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသလျက်ရှိရာ မည်သူမဆိုလာရောက် ကြည့်ရှုနိုင်သည်။

အင်ဂျင်နီယာအသင်း သင်တန်းဖွင့်မည်

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ Short Course (1) on Earthquake Resistant Design သင်တန်းကို မတ် ၂၈ရက်မှ ဧပြီ ၅ရက်အထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ အသင်းအဆောက်အအုံတွင် ဖွင့်လှစ်မည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိလိုက ဖုန်း-၅၁၉၆၇၃ နှင့် ၅၁၉၆၇၆ လိုင်းခွဲ ၃၁၄ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ဘူမိဗေဒကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

၁၉၇၈ခုနှစ် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် နောက်ဆုံးနှစ် ဘူမိဗေဒကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မတ်၂၈ရက် (စနေနေ့)ညနေ ၆နာရီတွင် ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M-3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၅၈၄၆၁နှင့် ၅၄၈၁၃၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဆရာ ဆရာမကြီးများအား ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ပူဇော်ပွဲနှင့် သင်တန်းနည်းပြဆရာ ဆရာမကြီးများအား ဂုဏ်ပြုပွဲကို မတ် ၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီခွဲတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အသင်းသား၊ အသင်းသူများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

မင်းပြားမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ကျောင်းတော်ရာရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၇၁၇၁၀နှင့် ၀၉-၅၀-၈၄၀၀၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

တပင်ရွှေထီး ဘုရင့်နောင်စာအုပ်ထုတ်ဝေဖြန့်ချိ

တပင်ရွှေထီး ဘုရင့်နောင်နှင့် ဒုတိယမြန်မာနိုင်ငံတော်အမည်ရှိ သမိုင်းရာဇဝင်အချက်အလက်များကို အကိုးအကား စာအုပ်စာတမ်းခိုင်မာစွာဖြင့် ပြုစုထားသော စာအုပ်ကို ဟိန်းဇေရေးသားပြီး စိုးစာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။

အစားအစာချက်ပြုတ်နည်း သင်တန်းဖွင့်မည်

မြန်မာသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ သင်္ဘောများပေါ်တွင် စားဖိုမှူးများအဖြစ် လုပ်ကိုင်နိုင်ရန်ရည်ရွယ်ကာ ဥရောပအစားအစာ ချက်ပြုတ်နည်းသင်တန်းများကို မတ် ၁၉ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ အမှတ် ၃၄ ယမုံနာလမ်း ယမုံနာ(၂)ရပ်ကွက် ဒေါပုံမြို့နယ် ရန်ကုန်မြို့နှင့် အမှတ်၇ လေးထောင့်ကန်လမ်းမကြီး သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့သို့ စာရင်းပေးသွင်း တက်ရောက်နိုင်သည်။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ နာဂစ်လေမုန်တိုင်းဒဏ်သင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အရှိန်အဟုန်ဖြင့်အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက Bulldozer ၁၈စုံနှင့် Excavator အစုံ၄၀တို့ လွှဲပြောင်းလှူဒါန်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Ye Dabo ထံ ဂုဏ်ပြုမှတ်တမ်းလွှာကိုပေးအပ်စဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

လွှဲပြောင်းလက်ခံ

ယနေ့တွင်လည်း နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ဦးဆောင်မှုဖြင့် နာဂစ်လေမုန်တိုင်းဒဏ်သင့် ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အရှိန်အဟုန်ဖြင့် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရက Bulldozer ၁၈စုံနှင့် Excavator အစုံ ၄၀ တို့ လွှဲပြောင်းလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဗိုလ်အောင်ကျော်ဆိပ်ကမ်း၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ လှူဒါန်းပစ္စည်းများကို လွှဲပြောင်းလက်ခံသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Ye Dabo က ပစ္စည်းများလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် သံအမတ်ကြီး H.E Mr. Ye Dabo တို့သည် လှူဒါန်းပစ္စည်းများ လွှဲပြောင်းမှုမှတ်တမ်းလွှာတွင်လက်မှတ်ရေးထိုးကြပြီး ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ကျေးဇူးတင်စကား ပြောကြားကာ သံအမတ်ကြီး H.E Mr. Ye Dabo ထံ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် Bulldozers နှင့် Excavators များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၆

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၂၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခန်းမှာ၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြား

အခမ်းအနားတွင် ဂုဏဝိသိဋ္ဌပူဇော်ခြင်းနှင့် ပညာရည်ချွန်ဆုပေးချီးမြှင့်ခြင်းတို့ကို တစ်ပါတည်းကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်း မြို့နယ်သူ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြား နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ စာရင်းထုတ်ပြန်

ရန်ကုန် မတ် ၁၆

ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာရည်ထူးချွန်သူ ကျောင်းသား ကျောင်းသူများစာရင်းနှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်လျက်ရှိသည့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်းကို ထုတ်ပြန်ကြေညာထားသည်-

ပညာရည်ချွန်ဆု

ပညာရည်ချွန်ဆုရရှိကြသူများမှာ မြန်မာစာဘာသာရပ်တွင် မောင်ဖြိုးမင်းဟန် (ဘ)ဦးကြည်ဝင်း အထက(၅) ဗိုလ်တထောင် ရန်ကုန်က ပထမ၊ မဖြိုးသဉ္ဇာခင် (ဘ)ဦးဖြိုးသုခ အထက(၂) ပုသိမ်က ဒုတိယ၊ မောင်အေးချမ်းကျော်ကျော် (ဘ) ဦးကျော်ထွေး အထက(၂)ပုသိမ်က တတိယ၊ အင်္ဂလိပ်ဘာသာရပ်တွင် မမေသူဇော်(ဘ)ဦးသန်းဇော်မြင့် အထက (၁)မြစ်ကြီးနားက ပထမ၊ မောင်ကျော်ဇင် (ဘ)ဦးရဲမြင့် အထက(၁)မိုးညှင်းက ဒုတိယ၊ မဘရဏီစိုးစိုး (ဘ)ဦးစိုးစိုး အထက(၁)မိုးညှင်းက တတိယ၊ သင်္ချာ ဘာသာရပ်တွင် မဆုရည်နှင်း (ဘ)ဦးဝင်းမော် အထက(၂)ရန်ကင်း ရန်ကုန်မြို့က ပထမ၊ မမေသူကျော် (ဘ)ဦးကြည်ဝင်း အထက(၆)ပုသိမ်က ဒုတိယ၊ မောင်ဖြိုးအောင်ကျော် (ဘ)ဦးတန်ချောင်အိန် အထက(၁)လသာ ရန်ကုန်က တတိယ၊ ဓာတုဗေဒ ဘာသာရပ်တွင် မဝေမွန်အောင် (ဘ)ဦးခင်မောင်ရွှေ အထက(၁)ပြင်ဦးလွင်က ပထမ၊ ရူပဗေဒဘာသာရပ်တွင် မဝေမွန်အောင် (ဘ)ဦးခင်မောင်ရွှေ အထက(၁)ပြင်ဦးလွင်က ပထမ၊ ဇီဝဗေဒ ဘာသာရပ်တွင် မောင်ဖြိုးအောင်ကျော် (ဘ)ဦးတန်ချောင်အိန် အထက(၁)လသာ ရန်ကုန်က ပထမ၊ ဘောဂဗေဒဘာသာရပ်တွင် မောင်ပြည့်သျှံအောင် (ဘ)ဦးဇော်လင်း အထက(၁)ဇလွန်က ပထမ၊ ပထဝီဘာသာရပ်တွင် မယဉ်ယဉ်သန်း (ဘ) ဦးတင်ကျော် အထက-ဂန့်ဂေါကပထမ၊ သမိုင်းဘာသာရပ်တွင် မောင်မျိုးဖြူ (ဘ)ဦးမောင်ဦး အထက-ဟိုပင်မြို့က ပထမ၊ စိတ်ကြိုက်မြန်မာစာဘာသာရပ်တွင် မသက်နှင်းဝေ (ဘ)ဦးခင်မြင့် ပြင်ပဖြေ ဒါးကကန်ကြီးထောင့်မြို့နယ်က ပထမအသီးသီးရရှိကြသည်။

ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိကြသည့် ၂၀၀၇ ခုနှစ်အတွက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများမှာ မောင်ဖြိုးပြည့်စုံငြိမ်း (ဘ) ဦးဆွေငြိမ်း မုံရွာတက္ကသိုလ်၊ မသိမ့်သိမ့်ဖြိုး (ဘ)ဦးကျော်မြင့်ဦး ရတနာပုံတက္ကသိုလ်၊ မောင်ထင်လင်းအောင် (ဘ)ဦးအောင်ကျော်ဝင်း ရတနာပုံတက္ကသိုလ်နှင့် မနီလာထွန်း(ဘ)ဦးစန်းမြင့် ရတနာပုံတက္ကသိုလ်တို့ဖြစ်ကြသည်။

ထပ်မံကြေညာမည်

ဆုချီးမြှင့်ပွဲကို ၂၀၀၉ ခုနှစ် မတ် ၃၀ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့၌ ကျင်းပမည့် ပခုက္ကူဦးအုံးဖေစာပေဆု ချီးမြှင့်ပွဲအခမ်းအနားတွင် တစ်ပေါင်းတည်း ချီးမြှင့်မည်ဖြစ်ပြီး ကျင်းပမည့်အချိန်နှင့် နေရာတို့ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု ရရှိကြသောသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန့် ဖုန်း-၀၆၇-၄၀၇၂၇၂ နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှ ဖုန်း-၀၁-၅၄၈၅၄၀ တို့သို့ အမြန်ဆက်သွယ်သတင်းပို့ရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူဦးအုံးဖေ စာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၁၆

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့ လွှဲအပ်လှူဒါန်းသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ၁၉၉၃ ခုနှစ်မှစပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ နှစ်စဉ်ဆုများချီးမြှင့်လျက်ရှိရာ ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲတွင် ၂၀၀၈ ခုနှစ်အတွက် (၁၆)ကြိမ်မြောက်အဖြစ် ရွေးချယ်ချီးမြှင့်သော ပခုက္ကူဦးအုံးဖေ စာပေဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားသည်-

ကဗျာပေါင်းချုပ်

ကဗျာပေါင်းချုပ်ဆုတွင် အောင်သာဆန်း(သံတွဲ)ရေးသားသည့် **'တေးသီငှက်၏ ပန်းပေါင်းတစ်ရာ ကဗျာစု'**က ပထမ၊ မောင်စောထွန်း(ကျောင်းကုန်း) ရေးသားသည့် **' အမေ့ရွာနှင့် အခြား ကဗျာများ'**က ဒုတိယ၊ အဖျောက်မြေမောင်ဆွေမွန်ရေးသားသည့် **'ရေချမ်းတစ်ခွက် ပန်းတစ်ခက်'**က တတိယရရှိကြသည်။

ဝတ္ထုရှည်

ဝတ္ထုရှည်ဆုတွင် မင်းဇေယျရေးသားသည့် **'ငယ်သော်လှသည်'**က ဒုတိယ၊ ပိုင့်-လှိုင်းသစ်ရေးသားသည့် **'ပလတ်စတစ်ထဲက ကြယ်တစ်ပွင့်'**က တတိယရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် မောင်ခြိမ့်ရေးသားသည့် **'တံငါအသည်း မာရဲသလားဟေ့နှင့် အခြားဝတ္ထုတိုများ'**က ပထမ၊ နန္ဒာခင်(သက္ကလမြေ) ရေးသားသည့် **'ဘိုးဘွားအမွေချစ်တတ်စေနှင့် အခြားဝတ္ထုတိုများ'**က ဒုတိယ၊ နေမျိုးသန့် ရေးသားသည့် **'မြေသင်းပျံ့ပျံ့မိုးရနံ့ ဝတ္ထုတိုများ'**က တတိယရရှိကြသည်။

ကျမ်းစာပေဆု

ကျမ်းစာပေဆုတွင် ဇင်မင်း (သမိန်ထော)ရေးသားသည့် **'ဖြတ်သန်းခဲ့ရသမိုင်းစဉ် ဆောင်ကြဉ်းခဲ့ရတာဝန်များ'** က ဒုတိယ၊ ကေမြူးရေးသားသည့် **'မြန်မာ့ရုပ်ရှင်ခေတ်ဦး ဒါရိုက်တာ (၁၅)ဦးတို့၏ ရုပ်ပုံလွှာများ'**က တတိယဆု ရရှိကြသည်။

သုတေသနစာပေဆုတွင် ဆုချီးမြှင့်နိုင်သည့်စာမူများ ရွေးချယ်နိုင်ခြင်းမရှိကြောင်း သိရသည်။

တစ်သက်တာစာပေဆု

ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၈ခုနှစ် တစ်သက်တာစာပေဆုအတွက် စာရေးဆရာကြီး ဒေါက်တာကျော်စိန်အား ရွေးချယ်လိုက်ကြောင်း သိရသည်။

ပခုက္ကူဦးအုံးဖေ စာပေဆု၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆုများအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ မကြူကြူဆွေ[ဒု/ပခ(ရသ)-၁]ကလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မောင်ပြည့်ဖြိုးအောင်(ပ/ပခ-၁၃)ကလည်းကောင်း အသီးသီးရရှိကြသည်။

ဆုနှင်းသဘင်အခမ်းအနားကို မတ် ၃၀ ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ကျင်းပမည့်နေရာနှင့် အချိန်တို့ကို ထပ်မံကြေညာမည်ဖြစ်သည်။ ၂၀၀၉ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု ပြိုင်ပွဲဝင်စာမူများကို စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထားတင်သွင်းနိုင်ကြောင်း သိရသည်။

ဆုရရှိသူများသည် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာတည်းမှူးချုပ် ဖုန်း-၂၄၀၀၄၈၊ စာတည်းမှူး ဖုန်း-၂၄၉၂၃၀၊ ဌာနခွဲမှူး(စီမံ)တာဝန်ခံ ဖုန်း-၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပင်းတယမြို့နှင့် အနီးကျေးရွာများ သို့ ပေးဝေလျက်ရှိသော ပန်းစစ်ကျေးရွာအုပ်စုရှိ ပန်းစစ်ရေထွက်မှရေကို ခြောက်လက်မ ရေပိုက်များဖြင့် သွယ်ယူ၍ မြို့ရေပေးဝေရေး ဆောင်ရွက်မှုအခြေအနေကို ဖေဖော်ဝါရီ ၁၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆုများထုတ်ပြန်

ရန်ကုန် မတ် ၁၆

ပခုက္ကူမြို့၌ ဖွင့်လှစ်ထားသော ပခုက္ကူဦးအုံးဖေစာကြည့် တိုက်သည် **'စာပေဖြင့် ဘဝအမြင်ရှင်သန်တိုးတက် အောင်မြင်ရေး'**ဟူသော အလှူရှင်၏ ကိုယ်တွေ့သင်ခန်းစာကို တိုးချဲ့လျက်ရှိရာ စာကြည့်တိုက်သို့ ၂၀၀၈ ခုနှစ်အတွင်း ရောက်ရှိခဲ့သော နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေခဲ့သည့် စာအုပ်များအနက် 'စာကြည့်တိုက်ကော်မတီ'၏ အဆုံးအဖြတ်ဖြင့် စာဖတ်သူများသတိမူဖတ်ရှုနိုင်ရန် ဂုဏ်ပြုသောအားဖြင့် 'ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု'များကို ၂၀၀၁ခုနှစ်အတွက်မှစ၍ တီထွင်ချီးမြှင့်လျက်ရှိသည်။

စာကြည့်တိုက်စာအုပ်ဆု

၂၀၀၈ခုနှစ်အတွက် စာကြည့်တိုက် စာအုပ်ဆုများကို စာရေးဆရာ နေဇင်လတ် ရေးသားသည့် **'ခေါင်းဆောင်၊ ခေါင်းဆောင်မှုနှင့် ကမ္ဘာ့အမြင်'**စာအုပ်ကလည်းကောင်း၊ စာရေးဆရာကျော်ကျော်ဝင်း(မဟာဝိဇ္ဇာ) ရေးသားသည့် **'လူသားဖွံ့ဖြိုးတိုးတက်မှုနှင့် ဂလိုဘယ်လိုက်ဇေးရှင်း'** စာအုပ်ကလည်းကောင်း၊ စာရေးဆရာ မော်ဝန်းကြည်မြတ် ရေးသားသည့် **'ဂီတကြငှန်းပျော်များ'** စာအုပ်ကလည်းကောင်း အသီးသီးရရှိကြသည်။

ယင်းဆုများကို မတ်၃၀ရက်(တနင်္လာနေ့)တွင် ရန်ကုန်မြို့၌ ကျင်းပမည့် ပခုက္ကူဦးအုံးဖေစာပေဆုနှင့် ပညာရည်ချွန်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တစ်ပေါင်းတည်းချီးမြှင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ညနေ၄နာရီ မိနစ်၄၀တွင် စိုးမဲ ကျီဆိပ်ကမ်းသို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနဒုတိယဦးစီးမှူး ဦးဇော်ဝင်းလှိုင်နှင့်ရုံးအဖွဲ့ ရောက်ရှိလာကာသတင်းအဖွဲ့ကို ပေါက်တောမြို့သို့ ပေါက်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မော်တော်ဘုတ်ဖြင့် လိုက်လံပို့ဆောင်ပေးသည်။

တောင်တန်းကြီး

မော်တော်ဘုတ်မှာဖရုံကာကျွန်း နှစ်ခုကြားမှ လွန်စွာရှည်လျားသည့် တောင်တန်းကြီးနှစ်ခုကြားမှ စစ်တွေမြို့ဆီသို့ ဦးတည် ခုတ်မောင်းနေသည်။ နေရောင်ကြောင့် ပင်လယ်ရေသည် စိမ်းရာမှ တဖြည်းဖြည်း အရောင်ပြောင်းကာ နေဝင်သည်နှင့် အမည်းရောင်သန်းလာသည်။

ည၉နာရီ မိနစ်၄၀တွင် စစ်တွေမြို့အနီးမှ အလယ်ဖရုံကာကျွန်းကို ပတ်ပြီး ပေါက်တောမြို့သို့ ရောက်ရှိကြသည်။ မြို့လူထုမှာ အိပ်မောကျနေကြပြီ။ မြန်မာ့အလင်း သတင်းအဖွဲ့ တည်းခိုရိပ်သာမှာသင်္ဘောဆိပ်အနီး၌ရှိသဖြင့် အပေါ်ထပ်တက်ကာ အိပ်ကြတော့သည်။

နံနက်စာစားပြီး မြန်မာ့အလင်း သတင်းအဖွဲ့သည် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှကို မြို့နယ်ရုံးသို့ သွားရောက်တွေ့ဆုံကြသည်။

"ပေါက်တောမြို့နယ်ဟာ ၁၇၈၈ ခုနှစ်မှာ ရွာတည်ပြီး အခုပေါက်တောမြို့လို့ အမည်တွင်အရပ်ဒေသမှာ တိုင်းရင်းသား ရခိုင်လူမျိုးများ နေထိုင်ခဲ့ကြပါတယ်။ သားရွှဲပေါက်တောလို့ အမည်တွင်ခဲ့ပါတယ်။ ၁၈၈၇ ခုနှစ်မှာ ရခိုင်ဒေသကို နယ်ချဲ့တို့ သိမ်းပိုက်အုပ်ချုပ်ပြီးချိန်တွင် သားရွှဲပေါက်တောကျေးရွာဟာ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရာတွင်အချက်အချာကျတဲ့ ဆိပ်ကမ်းရှိတာကြောင့် ပေါက်တောမြို့အဖြစ် ၁၈၉၈ခုနှစ်မှာ သတ်မှတ်ပြီး မြို့ပိုင်တစ်ဦး ရုံးစိုက်ခဲ့ပါတယ်။ မြို့အကျယ်ကတော့ ဧရိယာစတုရန်း ၄၁၃ ဒသမ၇၄မိုင် (၂၆၄၇၉၃ ဧက) ဖြစ်ပြီးရပ်ကွက်ငါးခု၊ကျေးရွာ အုပ်စု ၅၃အုပ်စုမှာ လူဦးရေ ၁၄၀၀၀၀ ကျော်နေထိုင် ကြပါတယ်" ဟု မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှက သတင်းအဖွဲ့ကို ရှင်းပြသည်။

မိုးစပါး

၂၀၀၇-၂၀၀၈ ခုနှစ်တွင် မိုးစပါး ၁၁၅၀၄၄ ဧက စိုက်ပျိုးရာ တင်း၇၅၀၃၅၇၀ထွက်ရှိပြီး ၂၀၀၈-၂၀၀၉ခုနှစ်တွင် မိုးစပါး ၁၁၅၀၆၃ ဧက စိုက်ပျိုးရာ ၆၉၀၃၆ဧက ရိတ်သိမ်းပြီး ၄၆၉၂၈၅တင်း ထွက်ရှိသည်။ မြို့ဝင်မြို့ထွက် ဧက ၄၀၀ တွင် လယ်သမားကြီး ၅၅ဦးက ၂၀၀၇- ၂၀၀၈ခုနှစ်တွင် ၃၇၇၃၄ တင်းထွက်သဖြင့် ၉၄ဒသမ၃၄ ရာခိုင်နှုန်း၊၂၀၀၈-၂၀၀၉ခုနှစ်တွင် ၃၈၄၆၂ တင်း ထွက်သဖြင့် ၉၆ ဒသမ ၁၅ ရာခိုင်နှုန်းထွက်ရှိခဲ့ကြောင်းသိရသည်။

မိုးစပါးအထူးဇုန် ပန်းတိုင်ဧက ၂၀၀၇-၂၀၀၈ခုနှစ်တွင် ဧက ၂၅၀၀ ကို ကျေးရွာ ၂၉ရွာမှ လယ်သမားကြီး ၉၅၀က စိုက်ပျိုးရာ ၁၅၁၃၅၉တင်း ထွက်ရှိသဖြင့် ၁၀၀ဒသမ၉၁ ရာခိုင်နှုန်း အောင်မြင်ခဲ့သည်။ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ကျေးရွာ ၂၉ရွာမှ လယ်သမားကြီး ၉၈၀က ဧက ၂၅၀၀ စိုက်ပျိုးပြီး ဧက ၂၂၇၀တွင် ၂၂၉၆၀၆ တင်း ထွက်ရှိသဖြင့် ၁၀၁ဒသမ၁၄ ရာခိုင်နှုန်း အောင်မြင်ခဲ့သည်။

ဆီထွက်သီးနှံဖြစ်သည့် မြေပဲ၊ နေကြာ၊ ဆီမုန်ညင်း၊ ပန်းနှမ်းကို ယခင်နှစ်က ၃၆၄၃ဧက စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ၃၃၉၂ဧက စိုက်ပျိုးပြီးဖြစ်သည်။ မတ်ပဲ၊ ပဲတီစိမ်း၊ ဗိုလ်ကိတ်၊ ပဲစင်းငုံကို ယမန်နှစ်က ၃၆၇၉ဧက စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ၂၀၄၅ဧက စိုက်ပျိုးပြီးဖြစ်ပေသည်။ စားဖိုဆောင်သီးနှံဖြစ်သည့် ငရုတ်စို၊ ငရုတ်ခြောက်၊ ကြက်သွန်နီ၊အာလူး၊ချင်း(ဂျင်း)၊နနွင်း၊ ငရုတ်ကောင်းကို ယမန်နှစ်က ၂၂၃၂ ဧက စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ၂၁၀၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ယမန်နှစ်က နွေစပါး၁၀ဧက စမ်းသပ်စိုက်ရာ မြေအောက်မှ ရေငန်များဝင်လာသဖြင့် အားလုံးဆုံးရှုံးသွားကာ ယခုနှစ်တွင် စိုက်ပျိုးဧကလုံးဝမရှိကြောင်း မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးခင်



ပေါက်တောမြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။ (မြန်မာ့အလင်း)

အောင်ငြိမ်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသန်းအောင်တို့က မြန်မာ့အလင်းကို ပြောပြကြသည်။

ရေချိုရေငန်

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသာထွန်းအေး၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူး ဦးကျော်စိန်တို့နှင့် အတူ ပေါက်တောအမှတ်(၃)ရပ်ကွက် စက်မှုလမ်းရှိ ကိုကျော်ဝင်း၊ မမြင့်မြင့်ခိုင်

ပုစွန်အကြီးအသေး ရွေးချယ်ခြင်းလုပ်ငန်းခွင်။ (မြန်မာ့အလင်း)

တို့၏ စူပါဝမ်း ရေချို၊ ရေငန် ငါးပုစွန် ရောင်းဝယ်ရေးဒိုင်နှင့် ဘုတ်ဆိပ်လမ်း၊ မြို့မဈေးနောက် ကမ်းနားရှိ ဦးသိန်းထွန်း၏ ရွှေနဒီရေချို၊ ရေငန် ငါး၊ပုစွန် ရောင်းဝယ်ရေးဒိုင်များသို့ သွားရောက်လေ့လာခဲ့သည်။

အရောင်းအဝယ်

သတင်းအဖွဲ့ ရောက်ချိန်သည် ရေသေရက်ဖြစ်သဖြင့် ဆင်ပိုက်အုပ်စု၊ အလယ်ကျွန်းအုပ်စု၊ ပုဏ္ဏားကြီးအုပ်စု၊ ကံဆိပ်အုပ်စု၊ တောင်ပုက္ကေအုပ်စု၊ စွန်ရဲအုပ်စု၊ယင်ရဲကန်အုပ်စု၊ချောင်းနွယ် အုပ်စု၊ ကြောင်ရှည်ချောင်း အုပ်စု၊ ငပြီတက်အုပ်စု၊ နတ်ရှင်အုပ်စုများရှိ ကျေးရွာ ၂၅ရွာမှ နေ့စဉ် ပိဿာ ၃၀၀စီမျှအရောင်းအဝယ်ဖြစ်ကြောင်း၊ ငါး၊ ပုစွန်များကို ရေခဲဖြင့် အုပ်ကာ ဘူးများဖြင့် လုပ်ငန်းပိုင် မော်တော်သို့မဟုတ် သင့်သလိုစစ်တွေသို့ တင်ပို့ရောင်းချကြောင်း၊ အချို့ကို ရန်ကုန်သို့ တင်ပို့ရောင်းချကြောင်း ပုစွန်ဈေးကျသဖြင့်အရှုံးပေါ်တတ်ကြောင်း၊ ရေလုပ်သားများနှင့် အလုပ်သမားများ၏ မိသားစု ဝင်ငွေရသကဲ့သို့ ပေါက်တောမြို့ပေါ်ရှိ ဒိုင်ကြီး ခုနစ်ဒိုင်မှာလည်း မိသားစု ဝင်ငွေတိုးတက်နေသည်ကို စူပါဝမ်းဒိုင်မှဒစ်ဂျစ်တယ်ကတ္တားများ၊ မော်တော်ဘုတ်များနှင့်ရေလုပ်သားများသို့ ငွေကြိုပေးသည်က အောင်မြင်နေသည့် လုပ်ငန်းဖြစ်ကြောင်း သက်သေပြလျက်ရှိသည်။

နံနက်စာ စားပြီးချိန်တွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးကျော်အေး ရောက်လာပြီး ပေါက်တောမြို့နှင့် မြို့နယ်အတွင်း ၁၉၈၈ခုနှစ် နောက်ပိုင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

"ပေါက်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကို ခွင့်ပြုဝန်ထမ်း ၈၀ ဖြစ်ပါတယ်၊ ယခုခန့်ထားပြီး ဝန်ထမ်း၂၀နဲ့ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်၊ ယခုဘဏ္ဍာရေးနှစ်မှာ အရပ်ရပ်ကောက်ခံရငွေ ကျပ်သိန်း ၇၆၀ မျှော်မှန်းထားရာ ယနေ့အထိ ၇၂၈သိန်းကျော် ကောက်ခံရပြီး ဖြစ်ပါတယ်၊ အခွန်များကတော့ အဆောက်အအုံနှင့် မြေခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်၊ ရေခွန်၊ ဘီးခွန်၊ ၄ားရမ်းခများနှင့် အနေးယာဉ် ၁၁၉စီး၊ လက်တွန်းလှည်း ၁၅စီး၊ ပုဂ္ဂလိကအိမ်ဆိုင်နှင့် ဆိုင်ခန်း ၅၇ဆိုင်၊ စားသောက်ဆိုင် ၂၃ဆိုင်၊ဘေးအန္တရာယ်လုပ်ငန်း၉၉ခု၊ အပေါင်ဆိုင်လုပ်ငန်း ခြောက်ခု၊ ဆိပ်ကမ်းခွန်ကောက် ၂၃ခု၊ ဈေးကောက်လုပ်ငန်း ၁၃ခု၊ အများသုံးအိမ်သာ တစ်ခုတို့ဖြစ်ပါတယ်"ဟု ဦးစီးအရာရှိ ဦးကျော်အေးကရှင်းပြသည်။

ကျေးလက်လမ်း

ပေါက်တောမြို့မှာ ယခင်က မြေသားလမ်းသာဖြစ်ပြီး ၁၉၈၉ခုနှစ်မှစ၍ ကတ္တရာလမ်း ခုနစ်လမ်း၊ ကျောက်လမ်း ၁၀လမ်း၊ မြေလမ်း ၁၂လမ်း စုစုပေါင်း ၂၉လမ်း ရှစ်မိုင်ခြောက်ဖာလုံကျော်ဆောင်ရွက်နိုင်ခဲ့ပြီး ပေါက်တော- လက်ပံပြားလမ်း၊ ကျောက်ချောလမ်း ခြောက်မိုင်တစ်ဖာလုံနှင့် ပေါက်တော-တောင်ညိုလမ်း မြေသားလမ်း တစ်မိုင် ငါးဖာလုံကို ကျေးလက်လမ်းအဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာ့အလင်းအဖွဲ့ပေါက်တောမြို့သို့ ရောက်နေချိန်တွင် ပေါက်တောမြို့အမှတ်(၂)ရပ်ကွက်မင်းစောမွန်လမ်းအရှည်ပေ၂၇၀ကို ကတ္တရာခင်းရန်အတွက်ကျောက်ချောခင်းနေသဖြင့်ဓာတ်ပုံသတင်းထောက်ကိုတင်စိုးက မှတ်တမ်းဓာတ်ပုံရိုက်ခဲ့သည်။

ပေါက်တောမြို့သည် ရေငန်များ ဝိုင်းရံထားသောမြို့ဖြစ်သဖြင့် ပေါက်တောမြို့မြောက်ဘက် ၁ဒသမ ၅မိုင်အကွာတွင်သဘာဝတောင်တန်းကြီးများကိုပိတ်ကာ နတ်တောင်ပြင်ဆည်ကို၁၉၉၁ခုနှစ်တွင် သောက်သုံးရေအတွက် တည်ဆောက်ခဲ့ရာ တာပေါင်မှာ အမြင့် ၁၅ပေရှိ မြေသားတမံ ဖြစ်သည်။

ရေအကျယ်မှာ ၁၂ဧကရှိကာ ရေဂါလန်သန်းပေါင်း ၃၉သန်းသိုလှောင်နိုင်ပေသည်။ Gravity Flow ဖြင့် အနိမ့်သို့ ရေစီးဆင်းစနစ်သဖြင့် ကိုးလဆောင်ရွက်ပြီး ကျန်သုံးလ(နွေ)တွင်ရေတွန်းစက်ဖြင့် ဖြန့်ဝေပေးရာ ရေတိုင်ပေါင်း ၂၀၁တိုင်မှ တစ်လ ကျပ် ၂၀၁၀၀၀ ကောက်ခံရရှိသည်။

မြို့ပေါ်ငါးရပ်ကွက်တွင်မြေသားကန် ၁၇ကန် တည်ဆောက်ပေးကာ ရေခပ်ယူစနစ်ကျင့်သုံးလျက်ရှိသဖြင့် ရေအခက်အခဲ မရှိပေ။ ရေလွှမ်းခြုံမှုမှာ ဆည်ရေနှင့်မြေသားကန်၁၇ကန် ဖြစ်သဖြင့်ရာနှုန်းပြည့် ဖြစ်သည်။

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်သည် ရေငန်များဝိုင်းရံထားသဖြင့် လယ်မြေများကိုလည်း ရေငန်များ ဝင်ရောက်သဖြင့် ဆည်မြောင်းဦးစီးဌာနမှ တာတမံ ၁၁ခုတည်ဆောက်ကာ အလျား၈၀ဒသမ ၁မိုင်ဖြင့် လယ်မြေဧက ၂၇၀၆၄ဧကကို ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာနဒုတိယဦးစီးမှူး ဦးဦးစောမောင်က မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

ပေါက်တောမြို့ သန့်ရှင်းသာယာလှပနေမှုမြင်ကွင်း····။ (မြန်မာ့အလင်း)

ပြည်မြန်မာသတင်းဂျာနယ် ယခုအပတ်ဖြန့်ချိ

ရန်ကုန် မတ် ၁၆

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၆၅၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "စင်ကာပူ ရေနံဓာတုစက်ရုံ တည်ဆောက်ရေးအတွက် လုပ်သား ၃၀၀၀ ကျော်လိုအပ်ပြီး သွားရောက်လုပ်ကိုင်လိုသူများအတွက် နှစ်နှစ်အတွင်း အလုပ်မပြုတ်ရန် အာမခံချက်အပြည့်ရှိဟုဆို၊ သစ်ခွမျိုးစုံ တစ်ထောင်ကျော်ပါဝင်သည့် မြန်မာ့ပထမဆုံး သစ်ခွပန်းပြပွဲကြီးကို အင်းလေးကန်၌ ပြသခဲ့၊ ငွေဆောင်ဆင်စခန်းက ပြည်ပခရီးသွားများကို ဆွဲဆောင်လျက်ရှိ၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၂)ကိုမြန်မာ့ပထမဆုံးနိုင်ငံတကာအဆင့်မီဖူဆယ်ဘောလုံးကွင်းအဖြစ် တည်ဆောက်ပြုပြင်မည်၊ မြန်မာနိုင်ငံရှိ မြို့ကြီးအားလုံး၏ အသေးစိတ်မြေပုံများပါသော GPS ကို မကြာမီအသုံးပြုနိုင်တော့မည်၊ မြန်မာ့ပထမဆုံး အိမ်၊ ခြံ၊ မြေ၊ ကားအကျိုးဆောင် ဝက်ဘ်ဆိုက်လွှင့်တင်ပြီ၊ ၂၀ရာစုအတွင်း ကမ္ဘာ့စီးပွားရေး အကျပ်အတည်း ကိုးကြိမ်ဖြစ်ပေါ်ခဲ့၊ မြန်မာ့အကြီးဆုံး မြေဖုတ်ပန်းချီကား ငွေဆောင် ဟိုတယ်တစ်ခုတွင် ထားရှိ၊ သန်လျင်မြို့ ကျိုက်ဖောခိစေတီတော် ရောင်ခြည်တော်လွှတ်၊ ဧရာမသဲမုန်တိုင်းကြီးကြောင့် ဆော်ဒီအာရေဗျမြို့တော်တစ်မြို့လုံး သဲများဖုံးလွှမ်းခဲ့၊ သွေးစုပ်ငါးမျိုးစိတ်ကို မြန်မာနိုင်ငံမြောက်ပိုင်း စမ်းချောင်းတစ်ခု၌ တွေ့ရှိဟုဆို၊ မျက်ကပ်မှန်အဖြစ် ဝှက်ထား၍ရသော ဗီဒီယိုကင်မရာတီထွင်၊ ဗြိတိန်မှအမြင့်ဆုံး စာပေဆုနှစ်ဆု၏ ဆန်ခါတင် စာရင်းများတွင် အိုဘားမားရေးသားသည့် စာအုပ်နှစ်အုပ်ပါဝင်နေ၊ ပင်လယ်ရေမျက်နှာပြင်သည် ယခင်ခန့်မှန်းထားသည်ထက်ပို၍ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ပညာရှင်တို့က သတိပေး၊ ဖခင်၏လက်ထပ်လက်စွပ်က လက်ကောက်ဝတ်တွင် စွပ်၍ရအောင် သေးငယ်လွန်းသည့်မွေးစကလေး ဆေးရုံမှဆင်းပြီ၊ ဟိုင်နန်ကျွန်းအနီးမှ တရုတ်- အမေရိကန်အငြင်းပွားမှု၏ နောက်ဆက်တွဲ၊ ကော်ဖီအရသာ ခွဲခြားနိုင်သူ၏ လျှာကို ဒေါ်လာ ၁၅သန်းတန် အာမခံပေး၊ အသက် ၈၀အရွယ်ဘွားဘွားမော်ဒယ်လ်၊ ဂျပန်က မြောက်ကိုရီးယားဒုံးပျံကို ပစ်ချနိုင်သည်ဟု သတိပေး၊ ဧရာမသံချောင်းကြီး ကိုယ်ထဲထုတ်ချင်းပေါက် ဝင်ရောက်သွားသော်လည်း ခြောက်နှစ်သားလေး အသက်မသေ၊ အာကာသအတွင်း အရှိန်ပြင်းစွာဦးတည်လာသည့် အပျက်အစီးများကြောင့် အာကာသယာဉ်မှူးသုံးဦး အရေးပေါ်ယာဉ်အတွင်းသို့ဝင်ရောက်ခိုလှုံခဲ့ရ၊ ဘင်္ဂလားဒေ့ရှ်၏ အကြီးဆုံးကုန်တိုက်ကြီး မီးလောင်၍ အနည်းဆုံးခုနစ်ဦးသေဆုံး" အပါအဝင်··· စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအားမြင့်ပြီး အရွယ်အစားသေးငယ်သည့် ကားဘက်ထရီများ သုံးစွဲမည်

ဘာသာပြန်မှတ်စု - မိုးမြင့်လင်းလက်

*မော်တော်ယာဉ်များတွင် အသုံးပြုသောဘက်ထရီများကို အရွယ်အစား အသေးငယ်ဆုံး၊ အလေးချိန်အပေါ့ပါးဆုံးနှင့် စွမ်းအားအမြင့်ဆုံး ပေးစွမ်းနိုင်သည့် ဘက်ထရီအသေးစား **(အပေါ်ပုံ)**အဖြစ် တီထွင်ထုတ်လုပ်ကာ အစားထိုးသုံးစွဲနိုင်ရန် ပြင်သစ်သုတေသနပညာရှင်များ ကြိုးစားဆောင်ရွက်နေပြီဖြစ်သည်။*

လစ်သီယမ်

မော်တော်ယာဉ်များ အပါအဝင် ဘက်ထရီအသုံးပြုရာလုပ်ငန်းများတွင် အသေးစားဘက်ထရီများကို အစားထိုးဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်း သစ်များရှာဖွေခဲ့ရာ ယခုအခါ လစ်သီယမ်ဓာတ်အား အသုံးပြုဘက်ထရီများကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

ဝန်ဆောင်မှု

နည်းပညာသစ်ဖြင့် ပြုလုပ်ထားသော ဘက်ထရီအသစ်များသည် စွမ်းအင် အမြောက်အမြားကိုစုဆောင်းသိုလှောင်ထားနိုင်ပြီး နှစ်ချီကာ အသုံးပြုနိုင်ကြောင်း သိရသည်။ ထို့အပြင် နာရီများစွာ ဆက်တိုက် အသုံးပြုနိုင်ကာ ဝန်ဆောင်မှု အပြည့်အဝပေးနိုင်ကြောင်းလည်း သိရသည်။

ယခုတီထွင်ပြုလုပ်ထားသောဘက်ထရီအသေးစားများပြုလုပ်ထားမှုမှာ ဘက်ထရီအတွင်း လစ်သီယမ်အိုင်းယွန်းဓာတ်များကို ဘက်ထရီအတွင်း ဖြည်းဖြည်းချင်းရွေ့လျားပြောင်းလဲစေကာ လျှပ်စစ်ဓာတ်အားကို အချိန်ကြာရှည်စွာ အသုံးပြုနိုင်ရန် စီစဉ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

သိုမှီးရန်

ထို့အပြင် အပူစွမ်းအင်ကြောင့် ပြောင်းလဲဖြစ်ပေါ်လာသောဓာတ်အားထွက်ရှိမှုကိုလည်း သိုမှီးသိမ်းဆည်းထားနိုင်စေရန်အတွက်လည်း တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ရာ မကြာမီဈေးကွက်သို့ ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ ။

ကိုးကား-အင်တာနက်

❍ *ကျောဖုံးမှ*

သုံးရက်ခန့် သောက်သုံးပေးသင့်ကြောင်း၊ ထိုသို့ သောက်သုံးသူများကို လေးနှစ်ကြာ သုတေသနပြုခဲ့ရာ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ လုံးဝမဖြစ်ပွားကြောင်း တွေ့ရှိရသည်ဟု ၄င်းတို့က ဆက်လက်ပြောကြားသည်။ ။

စိတ်အာဟာရကို စာဖတ်ခြင်းဖြင့် ဖြည့်တင်းကြပါစို့

မောင်မိုးယံ

စာများများ ဖတ်သင့်ပါတယ်။ စာရေးဆရာတွေဟာ သူတို့ရဲ့ ဦးနှောက်မှာ ရင်းနှီးမြှုပ်နှံထားတဲ့ အဆီအနှစ်တွေကို ခွန်အားတစ်ရပ် ဖြစ်စေနိုင်တဲ့ စေတနာနဲ့ ရှုထောင့်မျိုးစုံ၊ နေရာမျိုးစုံကနေ ကလောင်ဝင့်တတ်ကြပါတယ်။ သူတစ်ယောက်တည်းသိရုံနဲ့ မလုံလောက်တဲ့ အကြောင်းအရာကို စာနဲ့ဖွင့်ဟကြပါတယ်။ ဒါကြောင့် အဖိုးတန်ပါတယ်။ စာဖတ်ကြပါဆိုတဲ့ နှိုးဆော်တဲ့ စေတနာပါ။

ကျွန်တော်တို့ငယ်စဉ်က အခုခေတ်လောက် စာအုပ်ပေါများခြင်း မရှိခဲ့ပါ။ ဒါပေမယ့် ဒီခေတ်ထက်တော့ စာအုပ်ဈေးနှုန်း သက်သာတယ်။ စာအုပ်တစ်အုပ်နှစ်ကျပ်၊ သုံးကျပ်ပဲရှိပါတယ်။ ၁၅ ကျပ်ဆိုရင် အတော်ဈေးကြီးနေပါပြီ၊ ဒါပေမယ့် ဝါသနာပါသူကတော့ စာအုပ်ဈေးဘယ်လောက်ဖြစ်ဖြစ် ဝယ်တယ်၊ ဖတ်တယ်၊ ကျွန်တော့်အနေနဲ့ ဝါသနာအရ မိဘပေးတဲ့ မုန့်ဖိုးထဲက ငွေစအချို့ကို ကာတွန်းကအစ ဝတ္ထုစာအုပ်အမျိုးမျိုး ဝယ်ဖတ်ခဲ့တာကြောင့် စာပေကိုခွန်အားတစ်ရပ်အဖြစ် မြင်တတ်တဲ့အသိ ငယ်စဉ်ကပင် ရှိခဲ့ပါတယ်။

ကျွန်တော်တို့ ငယ်စဉ်က ဝယ်မဖတ်နိုင်တဲ့စာအုပ်ကို စာကြည့်တိုက်မှာ သွားဖတ်တာ၊ အငှားဆိုင်မှာ ငှားဖတ်တာ၊ ဝယ်ထားတဲ့သူဆီက ခဏတောင်းဖတ်တာတွေ ရှိခဲ့ပေမယ့် ဒီဘက်ခေတ်မှာတော့ စာဖတ်အားနည်းသွားကြတယ်၊ အားနည်းနေတယ်လို့ ထင်ပါတယ်။

အရည်အချင်းပြည့်ဝတဲ့ သူတွေဖြစ်လာဖို့ ငယ်စဉ်ထဲက အရည်အသွေးပြည့်အောင် စာပေဖတ်ရှု လေ့လာကြဖို့ လိုပါတယ်။ မိမိကိုယ်ကို ပြုစုပျိုးထောင်ရာမှာ စာဖတ်ခြင်းဟာ အကောင်းဆုံးလက်နက်၊ အကောင်းဆုံးပညာရပ်လို့ ဆိုပါတယ်။ ကမ္ဘာမှာ စစ်ဘုရင်အဖြစ် ကျော်ကြားခဲ့တဲ့ ဖီးမာရှယ်မောင်ဂိုမာရီက ''ကျောင်းနေစဉ်အချိန်တစ်နာရီကို အကြောင်းမဲ့ ဖြုန်းတီးခဲ့လျှင် မိမိ၏ အနာဂတ်ဘဝတွင် မကောင်းဖြစ်ရပ်တစ်ခုအတွက် အခွင့်အလမ်းတစ်ခုကို ဖန်တီးသည်နှင့်တူပါသည်''လို့ ရေးခဲ့ဖူးပါတယ်။

ကျွန်တော်တို့ငယ်စဉ်က စာဖတ်ဝါသနာအရ ပုံပြင်တွေ ဖတ်ရာက တက္ကသိုလ်ဘုန်းနိုင်၊ ညိုဝင်း၊ ရွှေဥဒေါင်း၊ ဗန်းမော်တင်အောင်နဲ့ ဘာသာပြန်စာအုပ်တွေ ဖတ်တတ်လာလို့စာအရသာကိုတွေ့ပြီး စိတ်ကူးယဉ်စရာ၊ တွေးစရာတွေကို ရရှိခဲ့ပါတယ်။ စာဖတ်တယ်ဆိုတာ အပေါင်းအသင်းလည်း လိုပါတယ်။ သူဖတ်တဲ့စာအုပ်၊ ကိုယ်ဖတ်တဲ့ စာအုပ်အကြောင်းတွေပြောရင်း အတွေးဖလှယ်တာ၊ အမြင်ဖလှယ်တာတွေဟာ ဘဝလမ်းကြောင်း ပုံပြင်ထိန်းသိမ်းမှုရဲ့ မိတ်ဆွေကောင်းနဲ့ ပေါင်းဖော်ခြင်းပါပဲ။ လောင်းကစားသမားနဲ့ ပေါင်းရင် လောင်းကစားသမားဖြစ်မယ်၊ အရက်သမားနဲ့ ပေါင်းရင် အရက်သမားဖြစ်မယ်။ ''အပေါင်းကြောင့် ဂုဏ်တက်တယ်။ အပေါင်းကြောင့် ဂုဏ်ပျက်တယ်''ဆိုတဲ့ စကားဟာ လက်တွေ့ကိုယ်နေထိုင်ဆက်ဆံနေတဲ့ ပတ်ဝန်းကျင်ကိုကြည့်လိုက်ရင် မှားသလား၊ မှန်သလား၊ မှန်ခဲ့သလား၊ မှားခဲ့သလား၊ ဒါဆို ပြင်လို့ရသလား၊ မရဘူးလား စသည်ဖြင့် ဝေဖန်ပိုင်းခြား ပြုပြင်သွားဖို့လိုပါတယ်။ ဘဝကို ပြုပြင်ဖို့ အချိန်နောက်ကျ သွားတယ်ဆိုတာ မရှိပါဘူး။ သိတဲ့အချိန်မှာ ပြင်လိုက်လို့ ကောင်းသွားတယ်ဆိုရင် ဂုဏ်တက်စရာတွေက အသက်မသေသရွေ့ ရှင်သန်ထမြောက်နေမှာပဲ။

မိဘဆရာတွေ အနေနဲ့လည်း တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံရဲ့ ကံကြမ္မာကို ဖန်တီးမယ့် လူငယ်တွေ၊ မိမိတို့ရဲ့သားသမီးနဲ့ တပည့်တပန်းတွေ ဘယ်လမ်းကိုသွားနေသလဲ၊ ဘယ်နေရာမှာ အချိန်တွေကုန်နေသလဲလို့ အလေးထားပြီး ဂရုစိုက်ကြရပါမယ်။ ပြုပြင်ကြရပါမယ်။ စောင့်ရှောက်ကြရပါမယ်။ အသိတရားနဲ့ဆင်ခြင်တုံ တရားတွေကို မြင့်မားစေတဲ့ စာဖတ်ခန်းတွေ၊ စာကြည့်တိုက်တွေ၊ စာအုပ်ပုံတွေဆီကို ခေါ်သွားဖို့ တာဝန်ရှိနေကြပြီလို့ ထင်မြင်ပါတယ်။

ကျွန်တော် ခရီးသွားတိုင်း နိုင်ငံခြားသားများနဲ့ ဆုံလေ့ရှိပါတယ်။ ဆုံတိုင်းလည်း ထူးခြားတာက သူတို့ လက်ထဲမှာ စာအုပ်ကိုယ်စီ ရှိနေကြတယ်။ မမြင်ဖူးတဲ့ ပတ်ဝန်းကျင်ကို လေ့လာကြ၊ ဓာတ်ပုံရိုက်ကြတာကလွဲလို့ ကျန်တဲ့အချိန်မှာ စာဖတ်နေတာကိုပဲ မြင်နေရပါတယ်။ ဒါကိုကြည့်ရင် အလကားမနေဘူးဆိုတဲ့ သဘောပါပဲ။

အရည်အချင်းမြင့်မားနေအောင်၊ အရည်အသွေးတက်နေအောင် ခွန်အားတွေမွေးမြူပြီး အနာဂတ် နိုင်ငံတော်ရဲ့ ကျရာအခန်းကဏ္ဍမှာ ပီပြင်အောင်ပါဝင်နိုင်ဖို့၊ ဓားသွေးနေဖို့ လိုပါတယ်၊ အတွေးအခေါ် အယူအဆတွေ၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ပညာရပ်တွေ၊ မြင့်မြတ်တဲ့ စိတ်နှလုံးသားတွေရှိနေဖို့၊ Personality ဆိုတဲ့ ကိုယ်ရည်ကိုယ်သွေး မြင့်မားနေဖို့ ကြိုးစားကြရပါမည်။

တစ်ရက်မှာ ၂၄ နာရီ ရှိတယ်၊ အိပ်ချိန် ၈ နာရီနုတ်ရင် ၁၆ နာရီကျန်တယ်၊ အလုပ်ချိန် ၈ နာရီနုတ်ရင် ၈နာရီကျန်သေးတယ်၊ စားချိန်၊ သွားချိန်၊ ဗာဟီရတွေနုတ်လိုက်ရင် လေးနာရီတော့ ကျန်ပါသေးတယ်၊ တစ်နေ့ကို ဘယ်နှစ်နာရီ စာဖတ်သလဲ…၊ စာဖတ်ချိန် သင့်တော်သလောက် ပေးသင့်ကြပါတယ်။

မြန်မာ့ရာဇဝင်က ရာဇဓိရာဇ် အရေးတော်ပုံကျမ်း၊ ဦးကုလားရာဇဝင်ကျမ်း၊ မြန်မာမင်းများ အရေးတော်ပုံ၊ ဧည့်ဝတီအရေးတော်ပုံ၊ ကုန်းဘောင်ရာဇဝင် စတဲ့ ရာဇဝင်စာပေတွေကို ဖတ်ဖူးထားသင့်ပါတယ်။

စာများများဖတ်ကြဖို့ ကျွန်တော်ရဲ့ စေတနာနဲ့ တိုက်တွန်းချက်များအပြီးမှာ ဆောင်းပါးကို ကမ္ဘာ့စာပေပညာရှင်တစ်ဦးရဲ့ အဆိုအမိန့်လေးကို ဖောက်သည်ချရင်း နိဂုံးချုပ်လိုက်ပါတယ်။

''ဘဝတွင် အောင်မြင် တိုးတက်လိုသူတစ်ဦးသည် ပတ်ဝန်းကျင်ဖြစ်ပေါ်မှုမှန်သမျှကို မျက်ခြည်မပြတ် လေ့လာဆည်းပူးနေရသည်၊ ယင်းလေ့လာမှုများထဲ၌ စာဖတ်ခြင်းသည် အကောင်းဆုံးနည်းလမ်း ဖြစ်သည်။ စာဖတ်ခြင်းသည် မိမိစိတ်ကို အာဟာရဖြည့်တင်းပေးခြင်းလည်း မည်သည်၊ ခေါင်းဆောင်ဟူသမျှ စာဖတ်နေသူများဖြစ်ကြလေ့ရှိ၏''လို့ ဆိုထားပါတယ်။ ။

ဘဝတွင် အောင်မြင်တိုးတက်လိုသူ တစ်ဦးသည် ပတ်ဝန်းကျင် ဖြစ်ပေါ်မှုမှန်သမျှကို မျက်ခြည်မပြတ် လေ့လာဆည်းပူးနေရ။ ယင်းလေ့လာမှုများထဲ၌ စာဖတ်ခြင်းသည် အကောင်းဆုံး နည်းလမ်းဖြစ်။ စာဖတ်ခြင်းသည် မိမိစိတ်ကို အာဟာရ ဖြည့်တင်းပေးခြင်းလည်း မည်သည်၊ ခေါင်းဆောင်ဟူသမျှ စာဖတ်နေသူများ ဖြစ်ကြလေ့ရှိ။

ကချင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးဝင်း ပိုင်းမော် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ယာဉ် စက် ယန္တရားများ လုပ်ငန်းပုံမှန် လည်ပတ်နိုင်မှု ရှိမရှိ ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေးလွင်စိုး နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းဝင်းတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

စပါးခွံလောင်စာသုံး စက်ပစ္စည်းတပ်ဆင်မှု ကယားပြည်နယ်ဥက္ကဋ္ဌ ကွင်းဆင်းကြည့်ရှုစစ်ဆေး

လွိုင်ကော် မတ် ၁၆

ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဖေဖော်ဝါရီ ၂၃ရက် နံနက် ၈နာရီက လွိုင်ကော်မြို့မှ ဘီလူးချောင်းအတိုင်း စက်လှေဖြင့် ထွက်ခွာ၍ ချောင်းတစ်လျှောက် သန့်ရှင်းရေးနှင့်ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက်လည်းကောင်း၊ ဒေသခံတောင်သူများ၏ ရာသီသီးနှံစိုက်ခင်းများကိုလည်းကောင်း ဖြတ်သန်းကြည့်ရှု၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌသည် ဒီမော့ဆိုမြို့နယ် ဘုရားဖြူရေတင်လုပ်ငန်းသို့ရောက်ရှိပြီး ယာယီရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန လွိုင်ကော်ခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်က လွိုင်ကော်ခရိုင်အတွင်းရှိ ရေတင်လုပ်ငန်းများအခြေအနေ ဘုရားဖြူရေတင်လုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ စပါးခွံလောင်စာသုံး GASIFIER အချက်အလက်များကို ကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ပြည်နယ် ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

တွေ့ဆုံ နှုတ်ဆက်

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် စပါးခွံလောင်စာသုံး GASIFIER စက်ပစ္စည်းတပ်ဆင်ထားမှု အခြေအနေများ၊ နွေစပါး ဧက ၂၀၀အတွက် ရေပေးဝေမှု အခြေအနေနှင့် ရေပေးမြောင်းတစ်လျှောက်ကို လိုက်လံကြည့်ရှု၍ ပြည်နယ်ဥက္ကဋ္ဌသည် ရေပေးမြောင်းနှင့် တစ်ဆက်တစ်စပ်တည်း ကွင်းအမှတ် ၆၈ တောင်သူဦးသိန်းတန်၏ လယ်မြေတွင် စက်များဖြင့် ထွန်ယက်နေမှုနှင့် နွေစပါးစိုက်ပျိုးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးကာ ကောက်စိုက်အဖွဲ့များနှင့်ကျေးရွာဒိုးပတ်အဖွဲ့များကို ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ခုတ်တွင် ရှင်းလင်း

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ခံနှင့် လိုင်းအဖွဲ့များ သဘာဝဘေးမီး အန္တရာယ်မှ ကင်းဝေးစေရေးအတွက် အရှည် ၉မိုင် ရှိ (F.O.C) ဖိုက်ဘာ ကွန်ရက်လမ်းကြောင်းကို ဇန်နဝါရီ၂၈ ရက်က စတင်၍ ချုံနွယ်များ ခုတ်တွင် ရှင်းလင်းစဉ်။ (မြို့နယ် ပြန်/ဆက်)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မီးဘေးကြိုတင်ကာကွယ်ရေး ဆိုင်းဘုတ်ဖွင့်

မိတ္ထီလာ မတ် ၁၀

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆိုင်းဘုတ်ဖွင့်ပွဲနှင့် ဈေးမီးဘေးကြိုတင်ကာကွယ်ရေး ရန်ပုံငွေလှူဒါန်းသူများ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၃ရက် နံနက်၈နာရီက ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသန်းလွင်၊ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဈေးအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့နှင့် ဈေးသူဈေးသားများ တက်ရောက်ကြသည်။

ဓာတ်တိုက်လေ့ကျင့်

ဆက်လက်၍ မိတ္ထီလာခရိုင်မီးသတ်ဦးစီးမှူးက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုကို ရှင်းလင်းပြောကြား၍မီးသတ်ဝန်ထမ်းများက မီးသတ်ဆေးဘူးဖြင့်မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသည်။ ယင်းနောက် ခရိုင်မီးသတ်မှ မီးသတ်ယာဉ်နှစ်စီး၊ ဈေးအရန်မီးသတ်မှ မီးသတ်ယာဉ်တစ်စီး၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေကားတစ်စီး စုစုပေါင်းလေးစီးဖြင့် မီးသတ်ဦးစီးဌာနမှ မီးသတ်ဝန်ထမ်းများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့များက ဈေးမီးဘေးကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ကြသည်။ (အပေါ်ပုံ) (မြို့နယ်စည်ပင်)

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးမွမ်းမံသင်တန်းဖွင့်

ရန်ကုန် မတ် ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးမွမ်းမံသင်တန်း ဖွင့်ပွဲကို မတ် ၁၃ရက် ညနေ ၅နာရီက သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပသည်။

အမှာစကား

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင် **(အပေါ်ပုံ)**နှင့် ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးသန့်တို့က သင်တန်းဖွင့်အမှာစကားပြောကြားကြပြီး ခရိုင်မီးသတ်ဦးစီးဌာနမှ စခန်းမှူးဦးထွန်းလင်း၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းတင်နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းရုံးခွဲ (ရွာသာကြီး)မှ ဦးစီးအရာရှိ ဦးအောင်ကျော်မိုးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့နှင့်ပတ်သက်၍ ဆွေးနွေးပို့ချကြသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ အရှေ့ခြမ်းမြို့နယ်များဖြစ်သော သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များမှ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပန်းတနော်မြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံသို့ ဆေးဝါးပစ္စည်းနှင့် ငွေပဒေသာပင် ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၁၆

ရန်ကုန်မြို့ ၂၇လမ်းနေ (ဦးရွှေဒင်္ဂါး)-ဒေါ်ကျင်တီတို့အား အမှူးထား၍ အောင်သပြေကုမ္ပဏီလီမိတက် (ဖယောင်းပုဆိုး၊ ကော်ဇောရောင်းဝယ်ရေး)မိသားစုတို့က ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံ နှင့် တိုက်နယ်ဆေးရုံနှစ်ရုံသို့ ဆေးဝါးပစ္စည်း ငွေကျပ်၃၇သိန်းဖိုး လှူဒါန်းပွဲကို မတ်၁၀ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်ခံရယူ

အခမ်းအနားတွင် ဆေးဝါးပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြဦးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဘုန်းမော်တို့က လက်ခံယူပြီး**(ယာပုံ)**ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

နှစ်စဉ်လှူဒါန်း

အောင်သပြေကုမ္ပဏီမှ ပန်းတနော်မြို့နယ်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေး၊ ငွေပဒေသာပင်နှင့် ဆေးဝါးပစ္စည်းများ နှစ်စဉ်လှူဒါန်းထားမှုမှာ ငွေကျပ် ၁၇၇သိန်းခန့်ဖြစ်ကြောင်း သိရသည်။ **(ကျန်းမာရေး)**

ကျောက်မဲမြို့နယ်၌ ဒုတိယအကြိမ် ပိုလီယို ကာကွယ်ဆေးတိုက်

ကျောက်မဲ မတ် ၁၆

ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် ၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၇ရက် နံနက် ၇နာရီက ကျောက်မဲမြို့ အမှတ်(၇)ရပ်ကွက်ရုံး၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် တာဝန်ရှိသူများက ကလေးသူငယ်များအား ဆေးတိုက်ကျွေးကြသည်။

အလားတူ မြို့ပေါ်ရပ်ကွက်အသီးသီးတွင် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြရာ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်လှည့်လည်၍ ဆေးတိုက်ကျွေးမှုအခြေအနေကို ကြည့်ရှုအားပေးကြသည်။ **(စာပေစာနယ်ဇင်း)**

လားရှိုးမြို့ ကျက်သရေဆောင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ရန်ကုန် မတ် ၁၆

လွန်ခဲ့သည့် ဖေဖော်ဝါရီ၂၈ရက်က ဖြစ်သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကဦးဆောင်ပြီး ပြည်နယ်မီးသတ်ဦးစီးဌာနနှင့် ပြည်နယ်စည်ပင်သာယာရေးကော်မတီတို့ ကြီးကြပ်ကွပ်ကဲ၍ လားရှိုးမြို့၏ ကျက်သရေဆောင် မြို့မဈေးကြီး၏ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက် လေ့ကျင့်မှုမြင်ကွင်းကို ကိုယ်တိုင်မြင်တွေ့ လေ့လာခွင့်ရခဲ့သည်။

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ - အောင်သန်း (မင်္ဂလာတောင်ညွန့်)

အချိန်က မွန်းလွဲ ၁နာရီတိတိ…။ မီးအချက်ပေးစူးရှသော ဥဩသံများက ကျယ်ကျယ်လောင်လောင်၊ မီးသတ်ကား၊ ရေသယ်တင်ကားများပေါ်တွင် မီးသတ်ဝတ်စုံပြည့် ဝတ်ဆင်ထားသော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များပေါ် အသင့်နေရာယူလျက်၊ မီးသတ်ယာဉ်၏ အချက်ပေးဥဩသံကြောင့် သွားလာနေကြသော ယာဉ်ကြီးယာဉ်ငယ်အားလုံး လမ်းဘေးကပ်ရပ်ပေးကြသည်။ မီးသတ်ယာဉ်၁၄စီးက လားရှိုး မြို့မဈေးကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဝင်ပေါက်လေးနေရာမှ ဈေးကြီးအလယ်ဗဟို စုရပ်သို့ ရောက်ရှိလာကြသည်။

ကြိုတင်မသိရှိကြသူများအဖို့ အမှန်တကယ်မီးလောင်နေ၍ မီးငြိမ်းသတ်ရန်သွားကြသော မီးသတ်တပ်ဖွဲ့ဝင်များဟု ထင်ယောင်မှားဖွယ်ဖြစ်သည်။ အမှန်တော့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးနိုင်ရေးနှင့် မီးလောင်မှုဖြစ်ပွားလျှင် အလျင်အမြန် မီးငြိမ်းသတ်နိုင်ရေးတို့အတွက် ပီပြင်လှသည့် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ပြင်ဆင်မှုတစ်ခုပင် ဖြစ်ပေသည်။

“တပ်ခွဲတစ်ခွဲစာ အင်အား၁၀၀နဲ့ လားရှိုးမြို့မဈေးကြီး အထူးမီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းမှာဖြစ်ပါတယ်”။

ဦးဆန်းဝင်း
ဥက္ကဋ္ဌ၊ မြို့မဈေးကြီး
အကျိုးတော်ဆောင်အဖွဲ့။

“တစ်နေ့လေးကြိမ် အုပ်စုခွဲပြီး မီးဘေး ကြိုတင်ကာကွယ်နိုင်ရေးအတွက် စစ်ဆေးလျက်ရှိပါတယ်”။

ဦးသန်း
မီးသတ်တပ်ခွဲမှူး
ဈေးကြီးသီးသန့်မီးသတ်တပ်ဖွဲ့။

သတ်မှတ်နေရာရောက်လျှင် မီးသတ်တပ်ဖွဲ့ဝင်များသည် ယာဉ်ပေါ်မှ မီးသတ်ပိုက်ခွေများ သယ်ချကာ မီးသတ်ယာဉ်များအတွက် သီးသန့်ထားရှိသော ရေဂုတ်တိုင်များနှင့် ဆက်သွယ်ရေယူကြသည်။ ရေတိုင်ကီအသင့်ပါရှိသော မီးသတ်ယာဉ်များကလည်း မီးသတ်ရေပိုက်များနှင့် ဆက်သွယ်ကြကာ အထပ်မြင့်အဆောက် အအုံများ ရှိရာသို့ မီးငြိမ်းသတ်ရေပက် နေသည့် အသွင်သဏ္ဌာန်ပြုလုပ်ရေပက်ကြသည်။

မြင်တွေ့ရ

သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ၊ လားရှိုးမြို့မဈေးကြီး၏ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လှေကားထောင်ကာအထပ်မြင့်အဆောက်အအုံပေါ်သို့ တက်ရောက်သည့်အသွင်သဏ္ဌာန်များ၊ ရေပိုက်များ အဆင့်ဆင့်သယ်မကာ ရေပက်ငြိမ်းသတ်သည့်ပုံသဏ္ဌာန်များပြုလုပ်ကြသည်ကို မြင်တွေ့ရသည်။ ယခုကဲ့သို့ သဏ္ဌာန်လုပ်သရုပ်နှင့်တူအောင် ပီပြင်လှသည့် မီးဘေးကာကွယ်တားဆီးရေး စီမံချက်အတွက် ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများ၊ မီးလောင်လျှင် မီးသတ်ဆေးဘူးဖြင့် ဖျန်းပက်ငြိမ်းသတ်ခြင်းကို ဈေးသူဈေးသားများကိုယ်တိုင် လက်တွေ့ ဇာတ်တိုက် လေ့ကျင့်ခြင်းတို့သည် ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီး၏ ဦးဆောင်စည်းရုံး ကူညီပံ့ပိုးမှုနှင့် လူမှုရေး အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်း၏ အနှစ်သာရကို မီးဘေးကြိုတင် ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုက သက်သေပြနေပြီဖြစ်၏။

လားရှိုးမြို့မဈေးကြီး၏ အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌဦးဆန်းဝင်းက ဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ ညွှန်ကြားမှု၊ လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ ဈေးကြီးမီးဘေးကာကွယ်တားဆီးရေး ဇာတ်တိုက်လေ့ကျင့်မှုများ အောင်အောင်မြင်မြင် ပြုလုပ်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မြို့မဈေးကြီး၏ သီးသန့်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းထားကြောင်း၊ အင်အား ၁၀၀ပြည့်မီရန် လျာထားသတ်မှတ်ထားပြီး ယခုအမာခံတပ်ဖွဲ့ဝင် အင်အား ၄၀ရှိကြောင်း၊ ဈေးကြီးအထူးသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဈေးရုံအတွင်းမှ ဆိုင်ရှင်များ ပါဝင်ကာ စေတနာ့ဝန်ထမ်းသက်သက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ဈေးအကျိုးတော်ဆောင်အဖွဲ့၏ စီစဉ်ပံ့ပိုးမှုဖြင့် ဈေးပိုင်မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ကားနှစ်စီး၊ မီးသတ်ပိုက်လိပ်၊ ပိုက်ခေါင်းခုနစ်စုံထားရှိပြီး ဈေးကြီးအတွင်း မီးသတ်ရေဂုတ် ၁၅ဂုတ် ထားရှိနိုင်ရန် မြို့နယ်စည်ပင်သာယာရေးသို့ တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း၊ မီးသတ်ဆေးဘူးအလုံး ၃၀၀၊ ရေဂါလန် ၇၆၀၀ဆံ့ မီးသတ်ရေစင်တစ်ခု၊ မြေအောက်ရေသိုလှောင်ကန်၊ ဂါလန် ၈၅၀၀ဆံ့ ကန်နှစ်ကန်၊ ဂါလန် ၆၀၀ဆံ့ ကန်နှစ်ကန်ထားရှိပြီး ဖြစ်ပါကြောင်းဖြင့် မြန်မာ့အလင်းသို့ ရှင်းပြပြောကြားသည်။

ကွပ်ကဲမှု

လားရှိုးမြို့မဈေးကြီး သီးသန့်မီးသတ်တပ်ဖွဲ့၏တပ်ခွဲမှူး ဦးသန်းက မီးသတ်ဗဟို၏ ကွပ်ကဲမှုကိုခံယူကာ ဈေးကြီးသီးသန့် မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းထားခြင်း ဖြစ်ပါကြောင်း၊ မီးအသုံးပြု ဈေးဆိုင်ခန်းအားလုံးကို စည်ပင်ဝန်ထမ်းများနှင့် ပူးပေါင်းကာ တစ်နေ့လေးကြိမ် အုပ်စုခွဲ၍ နေ့စဉ်စစ်ဆေးလျက်ရှိကြောင်း၊ ဆိုင်ခန်း လျှပ်စစ်မီးများကို နံနက် ၇ နာရီခွဲမှ စပေးပြီး ညနေ ၄နာရီခွဲဆိုလျှင် လျှပ်စစ်မီးအားလုံးကို မိန်းခလုတ်မှ ပိတ်လိုက်ပြီးဖြစ်ကြောင်း၊ ညဘက်တွင်လည်း မီးကြွင်းများ ရှိမရှိကို အခါအားလျော်စွာ မီးကင်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပါကြောင်းနှင့် ထပ်ဆင့် ရှင်းလင်းပြောကြားသည်။

အစီအမံ

လားရှိုးမြို့မဈေးကြီးတွင် ဈေးရုံကြီး ၁၁ရုံ၊ ဈေးဆိုင်ခန်းပေါင်း ၂၆၁၈ ခန်း ရှိသည်။ ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာ ၂၅ရက်က ကုန်ခြောက်ရုံတွင် စားအုန်းဆီကို အေးခဲမနေစေရန် အရည်ပျော်အောင် မီးဖိုထားရှိခဲ့မှုကြောင့် ကုန်ခြောက်ဈေး တစ်တန်းလုံး မီးလောင်ကျွမ်းခဲ့ရသည်ကို သင်ခန်းစာအဖြစ်ခံယူပြီး ယခုကဲ့သို့ မီးဘေးကြိုတင်ကာကွယ်ရေး အစီအမံများ ပြုလုပ်ကာ ပီပီပြင်ပြင် လေ့ကျင့်ဇာတ်တိုက်မှုများ ပြုလုပ်သည့်သတင်းမြင်ကွင်းကိုရေးသားတင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

လားရှိုးမြို့မဈေးကြီးအတွင်း မီးဘေးကာကွယ်တားဆီးရေးအတွက် မီးသတ်ယာဉ် ၁၄ စီး ပါဝင်ကာ ဇာတ်တိုက်လေ့ကျင့်နေကြစဉ်။ (မြန်မာ့အလင်း)

နောက်ဆုံးရ အားကစားသတင်းအတိုအထွာ

■ ***မန်ယူအသင်းသည် လီဗာပူးကိုရှုံးခဲ့သော်လည်း ပရီမီယာလိဂ်ဖလား ရယူရေးအတွက် အခွင့်အရေး အများဆုံးရှိနေသော အသင်းအဖြစ် ရပ်တည်နေဆဲဖြစ်သည်ဟု ချယ်လ်ဆီးနည်းပြ ဂူဟာစ်ဒင့်က သတိပေးလိုက်သည်။***

❒ *မန်စီးတီးနှင့် ကစားသည့် ပရီမီယာလိဂ်ပွဲစဉ်၌ ချယ်လ်ဆီး ကွင်းလယ် ကစားသမားဒေကိုသည် တံကောက်ကြော ဒဏ်ရာရရှိခဲ့သဖြင့် ယခုနှစ် ဘောလုံးရာသီကုန်အထိ အနားယူရတော့မည်ဖြစ်ကြောင်း ချယ်လ်ဆီးကလပ်က သတင်းထုတ်ပြန်သည်။*

■ ***အင်ဒီယန်းဝဲလစ်တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပတ်လည်ပြိုင်ပွဲ၌ ကမ္ဘာ့ နံပါတ်တစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်လ်က ဂျာမနီ တင်းနစ်ကစားသမား မိုက်ကယ်ဘာရာကို ၆-၂၊၆-၁ ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့် တက်ရောက်သွားသည်။***

❒ *ဗီလာတိုက်စစ်မှူး အာဘွန်လဟော်က မိမိသည် လာမည့်နွေရာသီ၌ အသင်းမှ ထွက်ခွာရန် စီစဉ်ထားကြောင်း၊ ယင်းမှာ မိမိ၏ ဘောလုံးသမားဘဝ တိုးတက်မြင့်မားရန်ဖြစ်ကြောင်း ပြောကြားသည်။*

■ ***မန်ယူနောက်ခံလူ ဖာဒီနန့်က မိမိအနေဖြင့် လီဗာပူးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့ခြင်းအပေါ် အိပ်မက်သဖွယ် ခံစားနေရဆဲဖြစ်ကြောင်း ပြောကြားသည်။***

❒ *ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် မတ်၂၁ရက်၌ ဒဗလျူဘီစီ ဟဲဗီးဝိတ် ချန်ပီယံလက်ဝှေ့ထိုးသတ်ပွဲအဖြစ် ဗီတာလီကီရှကိုနှင့် ကာလို့ဇ် ဂိုမက်ဇ်တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း ကမ္ဘာ့လက်ဝှေ့ကောင်စီမှ သတင်းထုတ်ပြန်သည်။*

■ ***ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် မကြာမီကကျင်းပခဲ့သော နိုင်ငံတကာ ဖိတ်ခေါ်အပြေးပြိုင်ပွဲ၌ ဂျာမေကာ အပြေးသမား အဆာဖာပိုဝဲလ်က ၁၀၀ဒသမ၂၃စက္ကန့်ဖြင့် ပြေးကာ ဆုတံဆိပ်ဆွတ်ခူးခဲ့သည်။***

❒ *မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုက မိမိသည် လာမည့် ဘောလုံးရာသီ၌ မန်ယူ၌ပင် ဆက်လက် ကစားသွားမည်ဟု ဆုံးဖြတ်ထားသော်လည်း ရီးရဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ရန် စိတ်မကုန်သေးဘဲရှိနေကြောင်း ပြောကြားသည်။*

■ ***တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် မတ်၁၅ရက်က ကျင်းပခဲ့သော ဆိုးလ်အပြည်ပြည်ဆိုင်ရာ မာရသွန်အပြေးပြိုင်ပွဲတွင် ကင်ညာ အပြေးသမား မိုရက်စ်အာယူစိုင်က ၂နာရီ ၆မိနစ် စက္ကန့်၅၀ဖြင့် ဗိုလ်စွဲခဲ့သည်။***

❒ *မန်ယူအသင်းအနေဖြင့် လီဗာပူးကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရပြီးနောက် သတင်းထောက်များနှင့် တွေ့ဆုံမှုကို ခေတ္တရပ်ဆိုင်းထားကြောင်း ဖာဂူဆန်က ပြောကြားသည်။*

■ ***ဘွန်ဒတ်လီဂါပွဲစဉ်အဖြစ် ဘိုချန်အသင်းကို သုံးဂိုးပြတ် အနိုင်ရရှိသည့်ပွဲ၌ တိုက်စစ်မှူး ကလိုဆေး တံကောက်ကြောဒဏ်ရာရရှိခဲ့သဖြင့် တစ်လခန့် အနားယူရမည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်က သတင်းထုတ်ပြန်သည်။***

❒ *၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် လာမည့် မတ်၂၈ရက်နှင့် ဧပြီ ၁ရက်တို့၌ ကစားမည့် ဂျာမနီနှင့်ပွဲတွင် ဝေလအသင်း၌ တိုက်စစ်မှူး ဘယ်လာမီ ခြေထောက်ဒဏ်ရာကြောင့် ပါဝင်နိုင်မည်မဟုတ်ကြောင်း ဝေလအသင်းက သတင်းထုတ်ပြန်သည်။*

■ ***အေစီမီလန်ဂိုးသမားအက်ဘီရာတီသည်စီးရီးအေပွဲစဉ်အဖြစ် ဆီနာအသင်းအား ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲ၌ ဒူးဒဏ်ရာရရှိခဲ့သည့်အတွက် ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရမည်ဖြစ်ကြောင်း အေစီမီလန်ကလပ်က သတင်းထုတ်ပြန်သည်။***

❒ *အင်္ဂလန်နိုင်ငံ ဘာမင်ဂမ်မြို့၌ ကျင်းပခဲ့သည့် ဖိတ်ခေါ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ၌ တရုတ်ကြက်တောင်ရိုက်သမား လီချောင်ဝေသည် ပြိုင်ဘက် လင်ဒင်အား ၂၁-၁၉၊ ၂၁-၁၂ဖြင့် ရှုံးနိမ့်ခဲ့သည်။*

■ ***ကမ္ဘာ့ရေကူးအဖွဲ့ချုပ်က မတ်၁၆ရက်၌ ထုတ်ပြန်သောစာရင်းအရ အမျိုးသား ၁၅ကီလိုမီတာ လက်ပစ်ကူးရာ၌ အိုက်စလန်ရေကူးသမား မိုက်ကယ်ဒီမစ် ထရစ်ဗ်၏ ၂နာရီ ၄၅မိနစ် ၁၂စက္ကန့်သည် အကောင်းဆုံးစံချိန်ဖြစ်ကြောင်း သိရသည်။***

ကစားသမားတွေနိုင်ပွဲရလိုစိတ်ပြင်းပြနေပါပြီ ဂူဟာစ်ဒင့်
အနိုင်ရအောင်ကစားမယ်လို့ ဆုံးဖြတ်ခဲ့လို့ပါပဲ ရက်နက်

ရေးသူ -မောင်မောင်မြင့်ဆွေ ❖ စာမျက်နှာဖွဲ့စည်းမှု -ဝင်းနိုင် (မြန်မာ့အလင်း)

လန်ဒန် မတ် ၁၅

ပရီမီယာလိဂ်ပွဲစဉ် ၂၉ လက်ကျန်ပွဲတွေဖြစ်တဲ့ ချယ်လ်ဆီးနဲ့မန်စီးတီး၊ ဗီလာနဲ့စပါးတို့ပွဲတွေကို မတ် ၁၅ရက်မှာ ဆက်လက်ယှဉ်ပြိုင်တဲ့အခါ ချယ်လ်ဆီးနဲ့စပါးတို့ နိုင်ပွဲတွေရရှိခဲ့ကြပါတယ်။ ဒီပွဲစဉ်တွေအပြီးမှာ သက်ဆိုင်ရာအသင်းနည်းပြတွေရဲ့ ပြောစကားတွေကို ဖော်ပြလိုက်ရပါတယ်။

မျှော်လင့်ချက်ရှင်သန်

အိမ်ကွင်း စတန်းဖို့ဘရစ်ချ်မှာ မန်စီးတီးကို အက်ဆီယံဂိုးနဲ့ အနိုင်ရယူခဲ့တဲ့ ချယ်လ်ဆီးအသင်းနည်းပြ ဂူဟာစ်ဒင့်က "အက်ဆီယံ ခြေစွမ်းပြန်ပြနိုင်တာ ဝမ်းသာစရာပါပဲ။ ဒီပွဲမှာဂိုးများများ မသွင်းနိုင်ပေမယ့် ကျွန်တော့်လူတွေ ကြိုးစားကစားခဲ့ကြတယ်။ ဂိုးလည်းသွင်းယူနိုင်ပေမယ့် ကံတရားကြောင့် ဂိုးအရနည်းတယ်လို့ဆိုရမှာပါ။ ကျွန်တော်တို့ရှေ့ပွဲစဉ်တွေအားလုံး အမှားအယွင်းမရှိ ကစားမှရတော့မှာပါ။ အခုဆိုရင် မန်ယူနဲ့ အမှတ်ကွာဟမှုနည်းသွားပြီဆိုတော့ ကျွန်တော်တို့ ရလဒ်ကောင်းမှုဖြစ်မှာပါ။ ကစားသမားတွေလည်း နိုင်ပွဲရလိုစိတ် ပြင်းပြနေတာမို့ ပရီမီယာလိဂ်ဖလား မျှော်လင့်ချက် ရှင်သန်နေဆဲပါပဲ"ဟု ပြောကြားသွားပါတယ်။

ချီးကျူးစရာ

ချယ်လ်ဆီးကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ရတဲ့ မန်စီးတီးနည်းပြ မာ့ခ်ဟူးချ်ကလည်း "ဒီပွဲဟာ တကယ်တော့ သရေပွဲဖြစ်သင့်တာပါ။ ကျွန်တော့် ကစားသမားတွေ

ချယ်လ်ဆီး နည်းပြ

ချယ်လ်ဆီးအသင်း ဖလားဆွတ် ခူး နိုင် ရေး မလျော့တမ်း စွမ်းဆောင်ပေးနေသည့် ဂူဟာစ်ဒင့်။

နားလည်မှုအချို့လွဲနေတာမို့ ချေပဂိုးမရရှိခဲ့ခြင်းဖြစ်ပါတယ်။ ချယ်လ်ဆီးတို့ ကစားအား ကောင်းတာမှန်ပေမယ့် တကယ်တမ်းမှာတော့ ဒီလောက်မဟုတ်ပါဘူး။ ကျွန်တော်တို့ ခြေရည်တူကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးခံစစ်မှူးတွေ ဒီပွဲမှာ အမှားအယွင်း နည်းကြတာကတော့ ချီးကျူးစရာပါပဲ"လို့ ပြောကြားခဲ့ပါတယ်။

နိုင်ပွဲရရှိ

ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ပွဲမှာ ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆုကို အက်ဆီယံက ရရှိခဲ့ပါတယ်။ ဒီလိုပါပဲ ဗီလာနဲ့ စပါးပွဲမှာ ဗီလာကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့တဲ့ စပါးအသင်းနည်းပြ ရက်နက်ကလည်း "ဒီပွဲမကစားခင်ကတည်းက အနိုင်ရအောင် ကစားမယ်လို့ ကျွန်တော့် ကစားသမားတွေကို တွန်းအားပေးထားခဲ့တာပါ။ ပွဲအစ ငါးမိနစ်ကတည်းက ဂျာမိန်းဂျီနက် အဖွင့်ဂိုး သွင်းယူလိုက်ပြီးနောက် ကျွန်တော်တို့ အနိုင်ရပြီလို့ မှတ်ယူထားခဲ့တယ်။ ဗီလာဟာ အိမ်ကွင်းမှာ အတော့်ကို ခြေစွမ်းထက်တဲ့ အသင်းပါပဲ။ ကျွန်တော့်လူတွေ ပွဲပြီးသည်အထိ ကစားအားမကျဘဲ ကစားခဲ့ကြလို့ နိုင်ပွဲရရှိခြင်း ဖြစ်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

စိတ်မကောင်းဖြစ်ရ

ဗီလာတို့ မမျှော်လင့်ဘဲ အိမ်ကွင်းမှာ ရှုံးပွဲ ကြုံတွေ့လိုက်ရတဲ့အတွက် ဗီလာနည်းပြ မာတင်အိုနေးလ်က "ပထမဂိုးအသွင်း ခံလိုက်ရတာဟာ ကျွန်တော့် ကစားသမားတွေအတွက် စိုးရိမ်စိတ်တွေဝင်စေခဲ့တာပါပဲ။ စပါး ကစားသမားတွေ ဒီနေ့ပွဲမှာ ခြေစွမ်းပြနိုင်ကြတာ ချီးကျူးစရာပါ။ ကျွန်တော့် တိုက်စစ်မှူးတွေ အခွင့်အရေးအချို့ကို အသုံး မချနိုင်ခဲ့ဘူး။ စိုးရိမ်စိတ်တွေ ဖိစီးပြီး ကစားရတာမို့ ဒီပွဲရှုံးရခြင်း ဖြစ်ပါတယ်။ အိမ်ကွင်းမှာ တစ်မှတ်မှ မရခဲ့တာကတော့ စိတ်မကောင်း ဖြစ်ရပါတယ်"လို့ ပြောကြားသွားပါကြောင်း။ ။

(အင်တာနက်)

စပါး နည်းပြ

စပါးကို အောင်မြင်မှုများ ရနိုင်အောင် စွမ်းဆောင်ပေးနေသည့် နည်းပြ ရက်နက်။

ဗီလာ နည်းပြ

ဗီလာအသင်း မမျှော်လင့်ဘဲ ရှုံးပွဲကြုံတွေ့လိုက်ရသဖြင့် စိတ်ပျက်နေသော နည်းပြ မာတင်အိုနေးလ်။

လီဗာပူးအမှားအယွင်းမရှိ ပန်းဝင်နိုင်ရေး နည်းပြဘင်နီတက်ဇ် ပစ်မှတ်ထားနေ

လန်ဒန် မတ် ၁၆

လီဗာပူးအသင်းအနေဖြင့် ပရီမီယာလိဂ်သရဖူ ရယူနိုင်ရန် လက်ကျန်ပွဲစဉ်ကိုးပွဲစလုံးအမှားအယွင်းမရှိ အနိုင်ရပန်းဝင်နိုင်ရေး ကြိုးပမ်းရန် လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ပစ်မှတ်ထားလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။

ယုံကြည်မှုခိုင်မြဲ

လီဗာပူးအသင်းသည် ၁၉၉၀ပြည့်နှစ်နောက်ပိုင်းကတည်းကပရီမီယာလိဂ်သရဖူနှင့် ဝေးကွာနေခဲ့သည့် အသင်းဖြစ်သည်။ သို့သော်လည်း ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၂၉)တွင် လက်ရှိ ပရီမီယာလိဂ်ချန်ပီယံ မန်ယူအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းက ဘင်နီတက်ဇ်အား ယုံကြည်မှုခိုင်မြဲလာစေသည်ဟု သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ဆယ်ကျော်သက် ဂေါက်သီးကြယ်ပွင့်မက်အီလ်ရွိုင်အား ကမ္ဘာ့အဆင့်(၁) တိုက်ဂါးဝုဒ် ဖွင့်ဟချီးကျူး

လန်ဒန် မတ် ၁၆

မြောက်အိုင်ယာလန် ဆယ်ကျော်သက် ဂေါက်သီးကြယ်ပွင့် ရိုရီမက်အီလ်ရွိုင် **(ဝဲအောက်ပုံ)**တွင် ကမ္ဘာ့အဆင့်(၁)ရှိ မိမိအား အနိုင်ရရှိနိုင်သည့် အရည်အချင်းအားလုံးရှိကြောင်း ဂေါက်သီးအကျော်အမော် တိုက်ဂါးဝုဒ်က ချီးကျူးပြောကြားခဲ့သည်။

ပထမဦးဆုံးသရဖူ

အသက် ၁၉နှစ်ရှိ မက်အီလ်ရွိုင်းသည် လက်ရှိကမ္ဘာ့ အဆင့်(၁၆)တွင် ရပ်တည်နေပြီး မကြာသေးမီက ဒူဘိုင်းကလပ်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ၎င်း၏ ပထမ ဦးဆုံးသရဖူကို ဆွတ်ခူးထားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ဒဗလျူဂျီစီ-စီအေ ဂေါက်သီးရိုက်ပြိုင်ပွဲ မစ်ကယ်လ်ဆန်နှင့်ဝက်တနေတို့ နောက်ဆုံးအဆင့် တက်ရောက်

လန်ဒန် မတ် ၁၆

ဒဗလျူဂျီစီ-စီအေ ချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အမေရိကန်ဂေါက်သီးကစားသမားများဖြစ်ကြသည့်ဖီးလ်မစ်ကယ်လ်ဆန်နှင့် နစ်ခ်ဝက်တနေတို့သည် သတ်မှတ်ရိုက်ချက်အောက် ၁၂ချက်စီ အသီးသီးလျှော့ရိုက်ကာ ဒုတိယနေရာမှ အိန္ဒိယ ဂေါက်သီးကစားသမား ဆင့်ချ်ထက် လျှော့ရိုက်ချက် လေးချက်အသာဖြတ်ကာ နောက်ဆုံးအဆင့် ပတ်လည်ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ဝက်တနေသည် အဖွင့်ကျင်းခြောက်ကျင်းတွင် ဘာဒီ လေးကြိမ် ရရှိခဲ့သည်။ သို့သော်လည်း ၁၈ကျင်းမြောက်ကျင်းအတွက် ပြန်ဆယ်ရသည့်အတွက် မစ်ကယ်လ်ဆန်နှင့် ပူးတွဲသာ ဦးဆောင်နိုင်ခဲ့သည်။ **(အင်တာနက်)**

အင်ဒီးယန်းဝဲလ်စ် တင်းနစ်ပြိုင်ပွဲ၌ ကုဇညက်ဆိုဗာ မမျှော်လင့်ဘဲ ရှုံးပွဲကြုံ

လန်ဒန် မတ် ၁၆

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်စ်တင်းနစ်ပြိုင်ပွဲ၌ ကမ္ဘာ့အဆင့်(၆)ရှိ တင်းနစ်မယ်ဆဗက်လာနာကုဇညက်ဆိုဗာ**(ဝဲပုံ)**သည် အလွတ်ဝင်ရောက်ယှဉ်ပြိုင်သည့် တင်းနစ်မယ် အူးစ်ဇူလာရက်ဒ်ဝမ်စကာအား အံ့အားသင့်ဖွယ်ရှုံးနိမ့်ခဲ့သည်။

လွန်ခဲ့သောနှစ်နှစ်အတွင်းက အင်ဒီးယန်းဝဲလ်စ် တင်းနစ်ပြိုင်ပွဲ၌ ဗိုလ်လုပွဲအဆင့်အထိရောက်ရှိခဲ့ဖူးသူ ကုဇညက်ဆိုဗာသည် ဒုတိယအဆင့် ပတ်လည်ပြိုင်ပွဲတွင် ပြိုင်ဘက်အား ၆-၂၊ ၄-၆၊ ၆-၃ ဖြင့် ရှုံးနိမ့်ခဲ့သည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကျောက်တန်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၆

ကျောက်တန်းမြို့နယ်အသင်း၏(၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းရှိ အသင်းဓမ္မာရုံ၌ ဧပြီ ၅ရက် (တန်ခူး လဆန်း ၁၁ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ် ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၈ ခုနှစ် အခြေခံပညာအထက်တန်း စာမေးပွဲတွင် ဂုဏ်ထူးရအသင်းဝင် သား/သမီးများ၊ ကျောက်တန်းမြို့နယ် ကျောင်းပေါင်းစုံမှ အခြေခံပညာ အထက်တန်းစာမေးပွဲ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူများသည် မတ် ၂၇ရက် နောက်ဆုံးထား၍ ဂုဏ်ထူးဆောင် နာယက ဦးစိန်ထွန်းအောင် ဖုန်း-၅၄၅၇၀၃၊ နာယက ဦးမြင့်စိန် ဖုန်း-၂၉၀၇၇၃၊ ဥက္ကဋ္ဌ ဦးသင်းမောင် ဖုန်း-၆၅၂၀၆၅၊ ဒုဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၅၆-၂၅၁၂၅၊ အတွင်းရေးမှူး ဦးစိုးမြင့် ဖုန်း-၂၉၈၃၄၉၊ တွဲဖက်အတွင်းရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်စီ ဖုန်း-၅၄၅၆၉၉၊ တွဲဖက် အတွင်းရေးမှူး ဦးရဲထွဋ်မြဲ ဖုန်း-၅၄၀၃၈၅၊ ဦးဝေလွင် ဖုန်း-၅၄၈၁၁၃တို့သို့ အထောက်အထား အပြည့်အစုံဖြင့် စာရင်းပေးပို့ ဆက်သွယ်ကြရန်နှင့် အလှူငွေ လှူဒါန်းလိုသူများလည်း ဆက်သွယ်လှူဒါန်းနိုင်ရန်နှင့် ဖိတ်စာရ၊ မရ တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် ဂိုးပြတ်အနိုင်ရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု - ဘိုဘိုမင်း(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၆

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) ကွင်းပိတ်ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနဲ့ စီးပွား/ကူးသန်း အသင်းတို့ အနိုင်ရသွားပါတယ်။

အောင်ဆန်းကွင်း

ဘဏ္ဍာ/အခွန် - သုံးဂိုး
ပြည်ထဲရေး - ဂိုးမရှိ

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းဟာ ပြည်ထဲရေးကို ဂိုးပြတ်သွင်းယူပြီး အကြိုဗိုလ်လုပွဲတက်ဖို့ အခြေအနေကောင်းတွေ ပိုင်ဆိုင်သွားခဲ့ပြီဖြစ်ပါတယ်။ ဘဏ္ဍာ/အခွန်အသင်းဟာ အခုပွဲမှာ အကောင်းဆုံး ခြေစွမ်းထုတ်မပြနိုင်ခဲ့ပေမယ့် ရန်ပိုင်နဲ့ အောင်ကျော်မိုးတို့ရဲ့ သွင်းဂိုးတွေနဲ့ ပထမအကျော့မှာ ရလဒ်ကောင်းသွားတာပါ။ စည်သူဝင်း၊ ချစ်ကိုကိုတို့နဲ့ လူစုံထုတ်သုံးခဲ့တဲ့ ပြည်ထဲရေးအသင်းဟာ ပထမအကျော့မှာ ဂိုးပြတ်သွင်းခံခဲ့ရတာကြောင့် နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်နည်းသွားပြီ ဖြစ်ပါတယ်။

ဖိကစား

ပွဲအစမှာတော့ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းဟာ အမှားများနေတာကြောင့် ပြည်ထဲရေးကို အသာစီးကနေ မကစားနိုင်ခဲ့ပါဘူး။ ပြည်ထဲရေးကလည်း ဂိုးရဖို့ ကြိုးစားကစားခဲ့ပေမယ့် တိုက်စစ်မှူး စည်သူဝင်းကို ထိရောက်တဲ့ ပံ့ပိုးမှုတွေ မလုပ်နိုင်ခဲ့တာကတော့ ဘဏ္ဍာ/အခွန် ကံကောင်းသွားခဲ့ပါတယ်။ ပြည်ထဲရေးအသင်းကလည်း ဂိုးမပေးရဖို့အတွက် ခံစစ်မှာ ခြောက်ယောက်လောက်ထားပြီး ကစားခဲ့တာကြောင့် ဘဏ္ဍာ/အခွန်ဂိုးရဖို့ ရုန်းကန်ခဲ့ရပါတယ်။ ၂၇ မိနစ်မှာ ဘဏ္ဍာ/အခွန် ဂိုးစရသွားပြီး တိုက်စစ်မှူး ရန်ပိုင်က သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ဂိုးပေးရပြီးနောက်ပိုင်းမှာတော့ ပြည်ထဲရေးအသင်း ပြိုဆင်းသွားပြီး ဘဏ္ဍာ/အခွန် တရစပ် ဖိကစားလာခဲ့ပါတယ်။ ၄၂ မိနစ်မှာတော့ အလယ်တန်းကစားသမား အောင်ကျော်မိုးက ဒုတိယဂိုး ထပ်မံသွင်းယူသွားခဲ့ပါတယ်။ ပထမပိုင်းမှာ ရန်ပိုင်နဲ့ စိုးမြတ်မင်းတို့ရဲ့ ခေါင်းတိုက်ဂိုးတွေဝင်ခဲ့ပေမယ့် လူကျွံဘောဖြစ်နေလို့ နစ်နာခဲ့ရပါတယ်။

အဓိကထိုးဖောက်

ဒုတိယပိုင်းမှာတော့ ပြည်ထဲရေးအသင်းဟာ လူအပြောင်းအလဲလုပ်ပြီး ကစားအားမြှင့်ခဲ့ပါတယ်။ ဒါပေမယ့် တိုက်စစ်ပိုင်းမှာ အမှားများနေလို့ ဂိုးသွင်းခွင့်တွေ သိပ်မရခဲ့ပါဘူး၊ ဘဏ္ဍာ/အခွန်အသင်းကတော့ ရန်ပိုင်၊ စိုးမြတ်မင်း၊ အောင်ကျော်မိုးတို့ရဲ့အားနဲ့ပဲ အဓိက ထိုးဖောက်ခဲ့ပြီး မိနစ် ၇၀ မှာ တိုက်စစ်မှူး ရန်ပိုင်က တတိယအနိုင်ဂိုး သွင်းယူသွားပါတယ်။ ၇၆ မိနစ်နဲ့ ၈၁ မိနစ်မှာ ပြည်ထဲရေးက ဇင်မင်းထက်သွင်းတဲ့ဂိုးတွေ ဂိုးဝင်ပေမယ့် တစ်ကြိမ်က ပြစ်ဒဏ်ဘော သတ်မှတ်ခံရပြီး နောက်တစ်ကြိမ်က လူကျွံဘော ဖြစ်နေလို့ ပြည်ထဲရေး နှစ်သိမ့်ဂိုးတောင် မရခဲ့ပါဘူး။

သုဝဏ္ဏကွင်း

စီးပွား/ကူးသန်း - တစ်ဂိုး
လယ်ယာ/ဆည်မြောင်း - ဂိုးမရှိ

အမှတ်ပေးချန်ပီယံ စီးပွား/ကူးသန်း တို့ အနိုင်ရဖို့ ရုန်းကန်ခဲ့ရတဲ့ ပွဲပဲဖြစ်ပါတယ်။ လယ်ယာ/ဆည်မြောင်းက ကစားအားမြှင့်ပြီး ကစားသွားလို့ အကြိတ်အနယ်ဖြစ်ခဲ့ပြီး နှစ်သင်းစလုံး ဂိုးသွင်းသေချာခဲ့ရင် ပွဲအဖြေတစ်မျိုးဖြစ်သွားနိုင်ပါတယ်။ စီးပွား/ကူးသန်း အတွက် အနိုင်ဂိုးကို ၁၅ မိနစ်မှာ မျိုးမင်းထွန်းက သွင်းယူခဲ့ပါတယ်။

ယနေ့ပွဲ

အောင်ဆန်းကွင်း

ပို့ဆောင်ရေး - ကမ္ဘောဇ

သုဝဏ္ဏကွင်း

သစ်တောရေးရာ - စွမ်းအင်

(မြန်မာ့အလင်း)

ဘဏ္ဍာ/အခွန်တိုက်စစ်မှူး စိုးမြတ်မင်း ပြည်ထဲရေးဂိုးသမား စိန်အေး ကို ကျော်ပြီး ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးစားခဲ့စဉ်။ (မြန်မာ့အလင်း)

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Myanmar Masters 2009 Professional Golfers Champion စိုးကျော်နိုင်အား တံခွန်စိုက် Trophy ဆုကို ပေးအပ်ချီးမြှင့်စဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၆

မြန်မာပီဂျီအေက ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် Air Bagan Ltd.က အဓိက ကူညီပံ့ပိုးသော Myanmar Masters 2009ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈)ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဥက္ကဋ္ဌဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဇော်မင်းနှင့် ဦးမင်းသိန်း၊အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ Mr. Jitisak Tamprasert (Rules Official From the Asian Tour)၊ ပန်းလှိုင်ဂေါက်ကလပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အမှာစကားပြောကြား

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇက အမှာစကားပြောကြားပြီး Hole-in- One ဆုရရှိသော Professional Golfer စိုးကျော်နိုင်အား ဆုကိုပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ SPA Group ဒါရိုက်တာ ဦးကျော်ဝိုင်က Myanmar Masters 2009 ဂေါက်သီးရိုက် ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၉၀ ဖြင့် Amateur အဆင့်တွင် ပထမရရှိသွားသော နေဗလလင်းမြင့်အား (Top Amateur Player) ဆုကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇက Myanmar Masters 2009 Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၆ ချက်ဖြင့် တတိယရရှိသော Stewart GINN (Australia)၊ စုစုပေါင်းရိုက်ချက် ၂၈၁ ချက်ဖြင့် ဒုတိယရရှိသော Airil Rizman Zahari(Malaysia)နှင့် စုစုပေါင်းရိုက်ချက် ၂၇၈ ချက်ဖြင့် ပထမရရှိသော စိုးကျော်နိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional Golfers ပြိုင်ပွဲတွင် ပထမရရှိသော စိုးကျော်နိုင်အား တံခွန်စိုက် Myanamr Masters Trophy ဆုကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် Air Bagan Ltd.က ချီးမြှင့်သော အထူးဆုကြေးဒေါ်လာ ၅၀၀၀ ကို မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇက Myanmar Masters 2009 Professional Golfers Champion စိုးကျော်နိုင်အား ပေးအပ်ချီးမြှင့်သည်။

ပံ့ပိုးကူညီ

အဆိုပါ ပြိုင်ပွဲ၏ Main Sponsor အဖြစ် Air Bagan Ltd., က အဓိက ကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် International Baverages Trading Co., Ltd., KBZ Bank, Pun Hlaing Golf Club, Aureum Palace Hotel, Myanmar Treasure Resort Hotel, CEPSA (Lubricants), KM Golf Centre နှင့် Srixon, Alpine Purified Drinking Water တို့က ထပ်မံ ပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းဘောလုံးပြိုင်ပွဲများ၌ တာဝန်ထမ်းဆောင်ရန် ဒိုင်လူကြီးများ မှတ်ပုံတင်ကြရမည်

ရန်ကုန် မတ် ၁၆

၂၀၀၉-၂၀၁၀ခုနှစ် ဘောလုံးရာသီ ပြည်တွင်းဘောလုံးပြိုင်ပွဲများ၌ တာဝန်ထမ်းဆောင်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဘောလုံးဒိုင်လူကြီးများအားလုံး ဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီတွင် ဧပြီ ၄ရက် နောက်ဆုံးထား၍ မှတ်ပုံတင်ကြရမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံ ဆိုသည်မှာ. . . .

သတင်းအက်ဆေး

ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံသည် ဥရောပတိုက်အလယ်ပိုင်းဒေသတွင် တည်ရှိသည်။ ဥရောပတိုက်သမိုင်းတွင် အဓိကအခန်းမှပါဝင်ခဲ့ပြီး ဥရောပတိုက်၏ စက်မှုအထွန်းကားဆုံးနှင့် လူဦးရေအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ နည်းပညာဆိုင်ရာ အောင်မြင်မှုများကြောင့် ထင်ရှားသကဲ့သို့ ဤနိုင်ငံမှ အကျော်ကြားဆုံး တေးရေးဆရာများ၊ ဒဿနပညာရှင်များနှင့် ကဗျာစာဆိုများ ပေါ်ထွက်ခဲ့သည်။

ပြန်လည်ပေါင်းစည်း

ဤနိုင်ငံသည် ကမ္ဘာစစ်ကြီးများတွင် အရှုံးနှင့်ကြုံခဲ့ရသည့်အပြင် နာဇီဝါဒ၏ ဆိုးမွေနှင့်လည်း ရင်ဆိုင်ရသည်။ စစ်အေးတိုက်ပွဲကာလ နှစ်ခြမ်းကွဲခဲ့ရပြန်သည်။ စစ်အေးတိုက်ပွဲအပြီးတွင် ဥရောပ၏ စီးပွားရေးအင်အားကြီး နိုင်ငံတစ်ခုအဖြစ် ပြန်ရောက်လာသည်။ နှစ်နိုင်ငံလည်း ပြန်လည်ပေါင်းစည်းလာရသည်။

ကျမ်းသစ္စာကျိန်ဆို

လက်ရှိသမ္မတမှာ ဟို့စ်ခိုလာ ဖြစ်သည်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဟို့စ်အား ၂၀၀၄ခုနှစ် မေလတွင် ဤနိုင်ငံ၏သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ ဝန်ကြီးချုပ်မှာ အိန်ဂျလာမာကဲ ဖြစ်သည်။ ခရစ်ယာန်ဒီမိုကရက်(စီဒီယူ) ပါတီခေါင်းဆောင်ဖြစ်ပြီး ၂၀၀၅ခုနှစ် နိုဝင်ဘာလကုန်ပိုင်းတွင် ဤနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံခဲ့သည်။

ဤနိုင်ငံသမိုင်းတွင် သက္ကရာဇ် ၈၀၀ပြည့်နှစ်အရောက် ပြင်သစ်နှင့်ဂျာမနီကို အုပ်ချုပ်သည့် ဧကရာဇ်ချာလမိန်းအား ရောမဧကရာဇ်အဖြစ် ဗရင်ဂျီရဟန်းမင်းကြီး တတိယမြောက် လီယိုက နန်းတင်သည်။ ၈၄၃ခုနှစ်တွင် ထိုအင်ပါယာပြိုပျက်သွားသောအခါ ဂျာမနီသည် ဘုရင်အုပ်ချုပ်သည့် နိုင်ငံအဖြစ် ပေါ်ပေါက်လာသည်။ ၉၆၂ခုနှစ်တွင် မြောက်ပိုင်းအီတလီကို ထိန်းချုပ်ပြီးနောက် ဂျာမန်ဘုရင် အော်တိုကို ရောမဧကရာဇ်အဖြစ် နန်းတင်သည်။

၁၄၃၈ခုနှစ်တွင်ပထမ-အယ်လ်ဘတ်ကိုရွေးချယ်တင်မြှောက်ခြင်းမှာ ဩစတြီးယား အခြေစိုက် ဟက်စဘတ်မင်းဆက် စတင်လိုက်ခြင်းဖြစ်သည်။

ပေါင်းစည်းရေး

၁၈၀၆ခုနှစ်တွင် နပိုလီယန်၏ ပြင်သစ်တပ်များက ဂျာမနီဒေသအများအပြားကို အုပ်စိုးလာသည်။ ဒုတိယမြောက်ဖရန်စစ်က ဟိုးလီးရိုမန်အင်ပါယာ ဖျက်သိမ်းကြောင်း ကြေညာပြီး ဩစတြီးယားဧကရာဇ်ဘွဲ့ ခံလိုက်သည်။ ၁၈၁၃ခုနှစ်တွင် နပိုလီယန် ရှုံးနိမ့်သည်။ ၁၈၇၁ခုနှစ်တွင် အော်တိုဗွန်ဘစ္စမတ်က ဂျာမနီပေါင်းစည်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည်။

၁၈၉၀ ပြည့်နှစ်တွင် အလုပ်သမားလှုပ်ရှားမှု ကြီးထွားလာပြီး ဂျာမနီဆိုရှယ်ဒီမိုကရက်တစ်ပါတီ(အက်စ်ပီဒီ)ထူထောင်နိုင်သည်အထိ အောင်မြင်သည်။ ၁၉၁၄-၁၉၁၈

ခုနှစ် ပထမကမ္ဘာစစ်ကြီးတွင် ဂျာမနီစစ်ရှုံးပြီး ရပ်ဆိုင်းရန် သဘောတူညီမှုကို လက်မှတ်ရေးထိုးသည်။ ၁၉၁၉ ခုနှစ်တွင် အိမ်နီးချင်းနိုင်ငံများသို့ လက်အောက်ခံ ကိုလိုနီများ ထိုးအပ်ရသည့်အပြင် စစ်လျော်ကြေး အများအပြားပေးရသည်။

အားကစားပွဲတော်ကျင်းပ

၁၉၂၃ ခုနှစ်တွင် နာဇီပါတီခေါင်းဆောင် ဟစ်တလာမြူးနစ်မြို့၌ မအောင်မြင်သော အာဏာသိမ်းမှုကို ခေါင်းဆောင်သည်။ ငွေကြေးဖောင်းပွမှု အဆမတန်ကြီးထွားခြင်းကြောင့် စီးပွားရေးထိခိုက်သည်။ ၁၉၂၉ ခုနှစ် ကမ္ဘာ့စီးပွားရေးကပ်ဆိုက်သောအခါ အလုပ်လက်မဲ့ဦးရေ ကြီးထွားလာသည်။ ၁၉၃၃ ခုနှစ်တွင် ဟစ်တလာ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၃၅ခုနှစ်တွင် လက်နက်ပြန်လည်တပ်ဆင်မှု စတင်သည်။ နူရင်ဘတ်ဥပဒေက ဂျာမန်ဂျူးများအား နိုင်ငံသားခံယူခွင့် ပိတ်ပင်သည်။ ၁၉၃၆ခုနှစ်တွင် ဘာလင်၌ အိုလံပစ် အားကစားပွဲတော် ကျင်းပသည်။

ပြန်လည်ရွေးချယ်ခံရ

၁၉၃၈ ခုနှစ်တွင် ဩစတြီးယားနှင့် ဆူဒီတန်လင်းကို သိမ်းသွင်းသည်။ ၁၉၃၉-၁၉၄၅ ခုနှစ်တွင် ပိုလန်ကို ကျူးကျော်ဝင်ရောက်ရာမှ ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့သည်။ အသက်အရွယ်မျိုးစုံပါဝင်သည့် သန်းပေါင်းများစွာသော ပြည်သူတို့မှာ နာဇီတို့၏ မျိုးဖြုတ်သတ်ဖြတ်ရေးမူဝါဒကြောင့် ချွေးတပ်စခန်းများရှိ မီးလောင်တိုက်တွင် သွတ်သွင်း အသတ်ခံကြရသည်။ ၁၉၄၅ ခုနှစ်တွင် ဂျာမနီစစ်ရှုံးသဖြင့် နှစ်ပိုင်းခွဲခြမ်းခံလိုက်ရသည်။ ၁၉၄၉ ခုနှစ်တွင် ဂျာမနီအနောက်ပိုင်းမှာ အမေရိကန်၊ ပြင်သစ်နှင့် ဗြိတိန်ဇုန်ဖြစ်ကာ ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံအဖြစ် ရပ်တည်သည်။ အရှေ့ပိုင်းမှာ ဆိုဗီယက်ဇုန်ဖြစ်လာသည်။ ကွန်မြူနစ် ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ(ဂျီဒီအာရ်) ဖြစ်လာသည်။ ၁၉၅၀ပြည့်လွန်နှစ်များတွင် အနောက်ဂျာမနီက စီးပွားရေးအမြန်စတင်တိုးတက်လာသည်။ ၁၉၅၅ခုနှစ်တွင် အနောက်ဂျာမနီက နေတိုးအဖွဲ့သို့ဝင်ပြီး အရှေ့ဂျာမနီက ဝါဆောအုပ်စုသို့ဝင်သည်။ ၁၉၆၁ ခုနှစ်တွင် ဘာလင်တံတိုင်းတည်ဆောက်သည်။ ဆိုဗီယက်အုပ်စုပြိုကွဲပြီးမှ ၁၉၈၉ခုနှစ်တွင် ဘာလင်တံတိုင်းကြီးကို ဖြိုချလိုက်သည်။ ၁၉၉၀ပြည့်နှစ်တွင် ဂျာမနီနှစ်နိုင်ငံ ပေါင်းစည်းရေးကို ဝန်ကြီးချုပ်ခိုလ်က ဦးဆောင်သည်။ ၁၉၉၁ခုနှစ်တွင် ဘာလင်ကို မြို့တော်သစ်အဖြစ် ပါလီမန်ကသတ်မှတ်သည်။ ၁၉၉၄ခုနှစ်တွင် ဝန်ကြီးချုပ်ခိုလ် ပြန်လည်ရွေးချယ်ခံရသည်။

အတည်ပြု

၁၉၉၈ခုနှစ်တွင် အက်စ်ပီဒီခေါင်းဆောင် ရှရိုးဒါး ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၂ခုနှစ်တွင် ထပ်မံရွေးချယ်ခံရပြန်သည်။ ၂၀၀၅ခုနှစ် နိုဝင်ဘာတွင် စီဒီယူပါတီခေါင်းဆောင် အိန်ဂျလာမာကဲ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၉ခုနှစ်တွင် နိုင်ငံတကာ စီးပွားရေးဂယက်ရိုက်ခံရသည့် ဤနိုင်ငံ၏စီးပွားရေးကို ကျားကန်ပေးရန် စီးပွားရေးနိုးထရေးအစီအစဉ်ကို ပါလီမန်က အတည်ပြုပေးထားသည်။ ။

ကိုးကား-အင်တာနက် **တိုး ရေးသားသည်။**

ဥရောပတိုက်သမိုင်းတွင် အဓိကအခန်းမှ ပါဝင်ခဲ့ပြီး ဥရောပတိုက်၏ စက်မှု အထွန်းကားဆုံးနှင့် လူဦးရေအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိ၊ နည်းပညာဆိုင်ရာ အောင်မြင်မှုများကြောင့် ထင်ရှားသကဲ့သို့ ဤနိုင်ငံမှ အကျော်ကြားဆုံး တေးရေးဆရာများ၊ ဒဿနပညာရှင်များနှင့် ကဗျာစာဆိုများ ပေါ်ထွက်ခဲ့။

အင်တာနက်ကျန်းမာရေး

နေ့စဉ် ဆားကိုတစ်ဂရမ်ခန့် လျှော့ပြီး စားသုံးလျှင် နှလုံးရောဂါဖြစ်ပွားမှု ကျဆင်းစေနိုင်ဟုဆို

ဆားကိုပုံမှန် စားသုံးနေသည့်ပမာဏထက် နေ့စဉ်တစ်ဂရမ်ခန့် လျှော့ပြီးစားသုံးပါက နှလုံးရောဂါဖြစ်ပွားမှု ကျဆင်းစေနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

တိုက်ခိုက်ခံရမှုနည်းပါး

နှလုံးရောဂါဖြစ်ပွားသူ ၂၅၀၀၀၀ အား ၁၀ နှစ်ကြာ သုတေသနပြုခဲ့ရာ နေ့စဉ်တစ်ဂရမ်ခန့် ဆားကိုလျှော့ပြီးစားသုံးသူများသည် နှလုံးရောဂါ ရုတ်တရက် တိုက်ခိုက်ခံရမှု နည်းပါးကြကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

အထောက်အကူပြု

ဆားကို နေ့စဉ်လျှော့ပြီး စားသုံးခြင်းကြောင့် သွေးပေါင်ချိန်မြင့်တက်မှုကို ကျဆင်းရန် အထောက်အကူပြုပြီး သွေးသန့်စင်မှုအား ပံ့ပိုးပေးနိုင်ကြောင်း၊ တစ်နေ့လျှင် ဆားတစ်ဂရမ် လျှော့ပြီးစားသုံးပါက သီတင်းတစ်ပတ်လျှင် ခုနစ်ဂရမ်လျှော့သွားစေမည်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်တို့က ဆက်လက်ပြောကြားသည်။

ကာကွယ်ပေးနိုင်

ထိုသို့ ဆားကိုလျှော့ပြီး စားသုံးပါက နှလုံးရောဂါကြောင့် ရုတ်တရက်သေဆုံးရမှုကို ကာကွယ်ပေးနိုင်သည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

နည်းပညာသိပ္ပံ

ပြုံးနိုင်၊ မဲ့နိုင်သော စက်ရုပ်တီထွင်နိုင်ပြီ

ဂျပန်သုတေသန ပညာရှင်များက ပြုံးနိုင်၊မဲ့နိုင်သောစက်ရုပ်တစ်ရုပ်ကို တီထွင်လိုက်ကြောင်း၊ ထိုစက်ရုပ်မှာ ကမ္ဘာပေါ်တွင် ပြုံးနိုင်မဲ့နိုင်သည့် ပထမဆုံးစက်ရုပ်ဖြစ်ကြောင်း ဂျပန်သုတေသနပညာရှင်များက ပြောကြားသည်။

ပိုမိုစွမ်းဆောင်နိုင်

ဆာယာဟုအမည်ပေးထားသော အဆိုပါစက်ရုပ်သည် ဟွန်ဒါကုမ္ပဏီမှ ထုတ်လုပ်သည့် အာစီမိုစက်ရုပ်ကဲ့သို့ နည်းပညာများကို ထည့်သွင်းထားသော်လည်း ယင်းစက်ရုပ်ထက် ပိုမိုစွမ်းဆောင်နိုင်ကြောင်း သိရသည်။

ရေးသားနိုင်

ဆာယာအမည်ရှိစက်ရုပ်တွင် ပါးစပ်၊ မျက်စိတို့အပြင် ခြေလက်အင်္ဂါအစိတ်အပိုင်းများ ပါရှိသည်။ အချို့သောစာများကို မော်တာအားဖြင့်ယူပြီး ရေးသားနိုင်စွမ်းရှိသည်ဟု ဆိုသည်။

ဖြည့်ဆည်းပေး

ဆာယာစက်ရုပ်သည် လူတစ်ဦးကဲ့သို့ ပြုံးနိုင်မဲ့နိုင်၊ ရယ်မောနိုင်ပြီး ဝန်ဆောင်မှု အများအပြားကို လုပ်ကိုင်ဖြည့်ဆည်းပေးနိုင်ကြောင်း တိုကျိုတက္ကသိုလ်မှ သိပ္ပံပါမောက္ခ ဟိုင်ရိုရှီကိုဘာယာရှီက ပြောကြားသည်။

(အင်တာနက်)

ဘာဝအမောပြေ

ဒါကြောင့်ပါ. . . .

မူလတန်းကျောင်းတစ်ကျောင်းသို့ စစ်ဆေးရေးအဖွဲ့ ရောက်ရှိလာပြီး ကျောင်းသား ကျောင်းသူများအား အောက်ပါအတိုင်း မေးမြန်းလေသည်-

စစ်ဆေးရေးအရာရှိ	။	။ သားတို့၊ သမီးတို့ စာတွေအတော်ရနေကြပြီလား။
ကျောင်းသားကျောင်းသူများ	။	။ ဟုတ်ကဲ့။
စစ်ဆေးရေးအရာရှိ	။	။ ဒါဆိုရင်မေးခွန်းတစ်ခုမေးမယ်၊ ရဲရဲသာဖြေကြနော်။
ကျောင်းသားကျောင်းသူများ	။	။ ဟုတ်ကဲ့ပါ။
စစ်ဆေးရေးအရာရှိ	။	။ မိုးခြိမ်းရင် လျှပ်စီးလက်တာကို အရင်မြင်ရပြီး အသံကို နောက်မှကြားရတာ ဘာကြောင့်လဲ။

ကျောင်းသားကျောင်းသူများ ရုတ်တရက် မည်သူမျှမဖြေကြဘဲ ငြိမ်သက်နေကြသည်။ တစ်ခဏအကြာ၌ ကျောင်းသားတစ်ဦးက မတ်တတ်ရပ်လိုက်ပြီး-

ကျောင်းသားတစ်ဦး	။	။ မျက်စိက နားထက် ရှေ့ကို နည်းနည်းပိုရောက်နေလို့ပါ။
စစ်ဆေးရေးအရာရှိ	။	။ 'ဟာ'

ဘာဝဒဿန

■ *Be civil to all; sociable to meny; familiar with few; friend to one; enemy to none.*

❒ *အားလုံးအပေါ် ယဉ်ကျေးသိမ်မွေ့ပါ။ အများနှင့် လိုက်လျော ညီထွေနေထိုင်ပါ။ လူအနည်းငယ်နှင့်သာ ရင်းရင်းနှီးနှီးနေထိုင်ပါ။ မိတ်ဆွေကောင်း တစ်ယောက်သာ ထားပါ။ ရန်သူတစ်ယောက်မျှ မရှိပါစေနှင့်။*

ဘင်ဂျမင်ဖရန်ကလင်း
(အမေရိကန်လူမျိုးစာရေးဆရာနှင့်တီထွင်သူ)

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို) ကေ၁၀၀၀ ဘက်စုံစိုက်ပျိုးရေးခြံအတွင်း လုပ်ငန်းဆိုင်ရာများ မန္တလေးမြို့တော်ဝန် ကြည့်ရှုစစ်ဆေး

မန္တလေး မတ် ၆

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို) စည်းရုံးရေးကော်မတီ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၀) ခေါင်းဆောင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် ကော်မတီဝင်များနှင့် ဌာနမှူးများလိုက်ပါလျက် ဖေဖော်ဝါရီ ၂ရက် နံနက် ၁၁နာရီက နောင်ချိုမြို့နယ် ဥမ္မခါး ကျေးရွာအနီးရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို) ကေ ၁၀၀၀ ဘက်စုံစိုက်ပျိုးရေးခြံသို့ သွားရောက်ကြပြီး စိုက်ပျိုးရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ဘက်စုံစိုက်ပျိုးရေး ခြံအတွင်း ကြံစိုက်ဧက ၄၀တွင် ကြံပင်များ ဖြစ်ထွန်းရှင်သန်မှု၊ ခုတ်ထွင်နေမှုနှင့် ခုတ်ထွင်ပြီး မြေနေရာများတွင် မြေပြုပြင်ထား ရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ခြံတာဝန်ခံ ဦးမျိုးထွန်းက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် နှစ်ရှည်သီးနှံပင်များ ဖြစ်သည့် ကော်ဖီပင်၂၇၀၀၊ စိန်တစ်လုံးသရက်ပင် ၄၀၀၀၊ တည်းပင်၃၀၀၀၊ တရုတ်ထင်းရှူးပင်၆၈၀၀၊ မန်ကျည်းချိုပင် ၁၀၀၀၊ ပိန္နဲပင်၄၀၀၊လိုက်ချီးပင်၆၀၊ သံပရာပင်၁၁၅ပင်၊ သဘော်ပင် ၃၅၀၊ ငှက်ပျောပင် ၁၅၀၀၊ ကျွန်း ၃၇၀၀၀နှင့် မဟာဂနီ(?)မက္ကဒေးမီးယားပင်များ စိုက်ပျိုးထားရှိမှုနှင့် ပျိုးခြံများတွင် ပျိုးထောင်ထားရှိမှု အခြေအနေ တို့ကိုလည်းကောင်း၊ နွားနှင့်ကျွဲ မွေးမြူရေးလုပ်ငန်း အခြေအနေ များကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ရှင်းလင်းဆောင်ခန်းမတွင် မြို့တော်ဝန်အား ခြံတာဝန်ခံက နှစ်အလိုက် ဘက်စုံစိုက်ပျိုးရေးလုပ်ငန်းများ ဆောင် ရွက်နိုင်မှုအခြေအနေ နွား၆၃ကောင်၊ ကျွဲရှစ်ကောင် တိုးချဲ့မွေးမြူ ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **(၁၁၃)**

မြို့နယ် သတင်းများ

နောင်ချိုမြို့နယ်၌ ကျေးလက်ကျောက်ချောလမ်းဖွင့်

နောင်ချို မတ် ၁၀

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း နောင်ချိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ရွှေမုဋ္ဌော-မဲပုတ် ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၄ရက်က အဆိုပါ လမ်းထိပ်မုခ်ဦး၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဆွေ၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့် အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး ကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

အဆိုပါလမ်းမှာ အရှည် ၂၀၂၅ ပေ၊ အကျယ် ၁၀ပေရှိ ကျောက်ချောလမ်း အမျိုး အစားဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၆၇၆၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဗန္ဓုလလမ်း ကတ္တရာလမ်းခင်းဆောင်ရွက်နေမှုကို မတ် ၃ရက်က အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၄ရက်က တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်ရှိ မြို့ရေပေးဝေရေး နမ့်ဖလောက်အနေးသဲရေစစ်ကန်မှ ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖြူးမြို့နယ်၌ စာကြည့်တိုက် အဆောက်အအုံဖွင့်

ဖြူး မတ် ၈

ဖြူးမြို့နယ် ငါးခေါင်းအင်းကျေးရွာ အုပ်စု ငါးခေါင်းအင်းကျေးရွာတွင် အလင်းတံခါး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၄ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် ရှေ့၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးမျိုးဝင်းက အမှာစကား ပြောကြား သည်။ ဆက်လက်၍ မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုးက စာကြည့်တိုက် ရေရှည်တည်တံ့ရေး ရှေ့လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းကြရာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ငွေကျော်က လက်ခံယူသည်။ ထို့နောက် တာဝန်ရှိသူ များက စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဖွင့်လှစ်

အလားတူ ယင်းနေ့ မွန်းလွဲ ၁နာရီက ဖြူးမြို့နယ် ကျားသောင်ကျေးရွာအုပ်စု ကျားသောင်ကျေးရွာတွင်လည်း သုတရတနာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက် အအုံသစ်ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လဲချားမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှတ်(၁) ရပ်ကွက် နှစ်လက်မ စက်ရေတွင်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါ ရေတွင်း အနီးရှိ မုခ်ဦး၌ ကျင်းပရာ မြို့နယ် အတွင်းရေးမှူး ဦးညီညီထွန်း၊ အမှုဆောင်အရာရှိ ဦးစိုးလင်းနှင့် အမှတ် (၁)ရပ်ကွက် ဥက္ကဋ္ဌ ဦးစိုင်းထွန်းမြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြစဉ်။ (မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်းပွဲ မော်လမြိုင်၌ ကျင်းပ

မော်လမြိုင် မတ် ၁၃

မော်လမြိုင်မြို့နယ် ထာဝရသွေးလှူရှင်များ ကြီးကြပ်မှုကော်မတီနှင့် မော်လမြိုင် တက္ကသိုလ် ကြက်ခြေနီအသင်းတို့ ဦးဆောင်၍ (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို မတ် ၄ရက် နံနက်ပိုင်းက မော်လမြိုင် မြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပသည်။

အခမ်းအနားသို့ မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးသိန်းဝင်း၊ဆေးရုံအုပ်ကြီးဒေါက်တာ ဉာဏ်ဇော်၊ မော်လမြိုင်တက္ကသိုလ်ကြက်ခြေနီ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်မြင့်၊ မြို့နယ် သွေးလှူရှင်များ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတိုးတိုးအောင်၊ အတွင်းရေးမှူး ဒေါက်တာလှဦးနှင့် အမှုဆောင်များနှင့် မော်လမြိုင်တက္ကသိုလ် သွေးလှူရှင် ကျောင်း သား ကျောင်းသူများ တက်ရောက်ကြသည်။

ယင်းနေ့တွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်း ဝင်းက မော်လမြိုင်မြို့နယ် ထာဝရသွေး လှူရှင်များ ကြီးကြပ်မှုကော်မတီသို့ ငွေကျပ် တစ်သိန်းပေးအပ်လှူဒါန်းပြီး သွေးအိတ် ၂၁ အိတ်လှူဒါန်းသည့် ကျောင်းသား ကျောင်းသူ များအား ကြည့်ရှုအားပေးစကားများ ပြော ကြားကာ **(အောက်ပုံ)** ဂုဏ်ပြုလက်ဆောင် များ ပေးအပ်သည်။ **(၀၁၄)**

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး အလုပ်ရုံဆွေးနွေးပွဲ ခန္တီးတွင်ကျင်းပ

ခန္တီး မတ် ၅

ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးမြင့် သိန်းစိုးနှင့် ရဲတပ်ဖွဲ့ဝင်များသည် ခန္တီး မြို့နယ် မင်းဆင်ကျေးရွာသို့ ဖေဖော်ဝါရီ ၁ရက် မွန်းလွဲ၂နာရီက ရောက်ရှိရာ အဆိုပါ ကျေးရွာရှိ လင်းစံအိမ်စာကြည့်တိုက်ခန်းမ၌ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့် တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ စာကြည့် တိုက် သတ်မှတ်စံ (၅)ရပ်နှင့်အညီ ရှင်သန် ခိုင်မာရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးမြင့်သိန်းစိုးက ကျေးရွာစာကြည့် တိုက်များကို သတ်မှတ်စံ(၅)ရပ်နှင့် အညီ ရှင်သန်ခိုင်မာရေး ဆောင်ရွက်ရန်၊ စာအုပ်၊ စာစောင်တိုးပွားရေး စာဖတ်သူ၊ စာငှားသူ များဖြင့် သက်ဝင်လှုပ်ရှားနေသော စာကြည့် တိုက်များဖြစ်အောင် ဆောင်ရွက်ရေး၊ စာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူနိုင် ရေးအတွက် စည်းရုံးဆောင်ရွက်သွားကြ ရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးမြင့် သိန်းစိုးနှင့်အဖွဲ့သည် မင်းဆင်ကျေးရွာ၊ နောက်ပဲကျေးရွာနှင့် မိုလွန်းကျေးရွာများ တွင် ဆောက်လုပ်လျက်ရှိသည့် စာကြည့် တိုက်အဆောက်အအုံများ၏ အခြေအနေ များကို လှည့်လည်ကြည့်ရှု စစ်ဆေးကြ သည်။ **(ခရိုင် ပြန်/ဆက်)**

အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ ဘားအံ၌ကျင်းပ

ဘားအံ မတ် ၅

ကရင်ပြည်နယ် ဆဋ္ဌမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက် ၉နာရီက ဘားအံမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အမှာစကား ပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၏ မိန့်ခွန်းကို ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးနောင်ကဖတ်ကြားသည်။

ဆက်လက်ပြီး အနာကြီးရောဂါနှင့်ပတ်သက်၍တက်ရောက်လာသူများက ပါဝင်ဆွေးနွေးပြီး ပြည်နယ်/တိုင်း အခြေခံအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဆုများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မလှိုင်မြို့ ရပ်ကွက်ကြီး(၂)ရှိ အထကကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပရာ မြို့နယ် အတွင်းရေးမှူး ဦးတင်ရွှေနှင့် မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့နယ် ပြည်သူ့ဆေးရုံကြီး အတွင်းအပြင်သန့်ရှင်းရေးကို မတ် ၄ရက်က ပြုလုပ်ရာ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထွန်းမင်းဇော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်ဟန်တို့နှင့်အတူ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပါဝင်ဆောင်ရွက်ကြစဉ်။ (မြန်မာ့အလင်း)

နွားထိုးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ

နွားထိုးကြီး မတ် ၁၂

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့မစည်ပင်သာယာဈေးကြီး ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းကို မတ်၁ရက် ညနေ ၃နာရီက မြို့မ စည်ပင်သာယာဈေးကြီးအတွင်း လမ်းဆုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အတွင်းရေးမှူး ဦးရဲမြင့်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမောင်မောင်သောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစာဂုံးမန်း၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တို့ဖြင့် ရေသယ်ရေလွှတ်ပေးခြင်း၊ ရေပက်ဖျန်းခြင်းတို့ကို ဈေးအဝင်ပေါက်များတွင် ဈေးသူဈေးသားများကိုယ်တိုင်လက်တွေ့ဇာတ်တိုက်လေ့ကျင့်ကြကြောင်းသိရသည်။ (ဝ၉၅)

မြောင်မြို့နယ်အတွင်းသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးလက်ရေတွင်းများ ပြုပြင်မွမ်းမံပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၂ရက်က ကျောက်ရစ်ကျေးရွာရှိ တွင်းဆေးတွင်းမှတ်လုပ်ငန်းကို မြို့နယ်အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့်တာဝန်ခံအင်ဂျင်နီယာဦးဗိုလ်ဆန်းတို့ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဟောပြောပွဲ သီပေါ၌ကျင်းပ

သီပေါ မတ် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာစိုင်းစံဝင်းနှင့်အဖွဲ့ဝင်များသည် မတ် ၈ရက် နံနက် ၉နာရီက သီပေါမြို့နယ် ရွာသစ်ကျေးရွာနှင့် အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျင်းပသော ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေး ဟောပြောပွဲနှင့်အသင်းဝင်အဆိုပြုလွှာ လက်ခံခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းစံဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင် ဒေါ်နှင်းသန္တာဦးက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ပေးနေမှုများနှင့် မိခင်နှင့်ကလေးအဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေး ရှင်းလင်းပြောကြားသည်။

ဟောပြော

ထို့နောက် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာခင်နန်းသီက ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဟောပြောပြီး ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု)ဒေါ်နန်းခမ်းမှတ်က ကူးစက်တတ်သော မျိုးဆက်ပွားရောဂါ အန္တရာယ်များအကြောင်းကို ဟောပြောသည်။

အလားတူ သီပေါမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌လည်း ပျိုရွယ်သူများ မျိုးဆက်ပွားအသိပညာပေးဟောပြောပြီး အသင်းဝင်အဆိုပြုလွှာ အစောင် ၃၀၀ကို ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူးက လက်ခံယူသည်။ (ဝ၂ဝ)

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သံဖြူဇရပ်မြို့တွင် ဇာတ်တိုက်လေ့ကျင့်

သံဖြူဇရပ် မတ် ၁၂

ဘေးဒုက္ခဆိုင်ရာ စိစစ်သုံးသပ်ခြင်းနှင့် တုံ့ပြန်ရေးသင်တန်း အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံကြက်ခြေနီအသင်း(မွန်ပြည်နယ်)မှ ဦးဆောင်၍ ဝေါလ်ဗွီးရှင်း (မြန်မာ)အဖွဲ့တို့ ပူးပေါင်းကာ ဖေဖော်ဝါရီ ၂၁ရက်မှ ၂၃ရက်အထိ သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်သဘာဝဘေးကာကွယ်ထိန်းသိမ်းရေးစီမံခန့်ခွဲရေးရာကော်မတီဝင်၊ သံဖြူဇရပ်မြို့နယ်တာဝန်ခံ မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်မှူးဦးစိုးမြင့်နှင့် သံဖြူဇရပ် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

သင်တန်းဆင်း

သင်တန်းသို့ မြို့နယ် ဌာနဆိုင်ရာများမှ အရာထမ်းဝန်ထမ်း ၃၅ဦးနှင့် ကျေးရွာသုံးရွာမှကိုယ်စားလှယ်၁၅ဦး တက်ရောက်ကြပြီး သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ဥက္ကဋ္ဌက ပေးအပ်သည်။ **(အပေါ်ပုံ)**

လေ့ကျင့်

ထို့နောက် မွန်ပြည်နယ် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် ထိန်းသိမ်းရေးကော်မတီဝင်ဦးစိုးမြင့်၊သံဖြူဇရပ်မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်မြို့နယ် ကော်မတီဝင်များအဖွဲ့သည် ကျိုက္ခမီမြို့အောင်သုခရပ်ကွက်နှင့်စက်စဲကျေးရွာဓမင်းဆိပ်နယ်မြေတွင်သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေဖြစ်ပေါ်ခဲ့ပါက ဒေသခံများ ဘေးကင်းရာသို့ အချိန်မီရွှေ့ပြောင်းနိုင်ရေး ဇာတ်တိုက်လေ့ကျင့်မှုကိုသွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝိုင်းမော်မြို့၌ ကတ္တရာလမ်းခင်း လုပ်ငန်း ဆောင်ရွက်

ဝိုင်းမော် မတ် ၁၀

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်သည် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးလိုက်ပါ၍ ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ပြီးဖြစ်သော အမှတ်(၂)ကတ္တရာလမ်းသစ်ကို ဖေဖော်ဝါရီ၁၀ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းဝင်းတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဟသ်္သာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မပဒေသာဈေးနှင့် ဌေးဝင်းဈေးကြီးအတွင်း သန့်ရှင်းမှုရှိစေရေးနှင့် ဈေးအတွင်းအမှိုက်များ၊ ပလတ်စတစ်အိတ်များ စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် အမှိုက်သိမ်းကား၊ အမှိုက်ပုံးများဖြင့် သန့်ရှင်းရေးဌာနစိတ်နှင့် ဈေးဌာနစိတ် ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ ဒုတိယဦးစီးမှူး (ဈေး)ဦးဌေးမြင့်အောင် ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မှုခင်းသတင်း: မိတ္ထီလာမြို့နယ်တွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

မိတ္ထီလာ မတ် ၅

မိတ္ထီလာမြို့ ဇောင်ဂျမ်းကုန်းတိုးချဲ့ရပ်ကွက်နေ မောင်တင်(၄၂နှစ်)သည် ဖေဖော်ဝါရီ၈ရက်ညက ရွာမှမိတ္ထီလာမြို့ထဲသို့ နံပါတ်မပါ ကမ်ဘို-၁၂၅အနက်ရောင် စီး၍လာစဉ် ရန်မျိုးအောင်ရပ်ကွက် နယ်မြေ(၅)နေသူ ထွန်းထွန်း(ခ)စွာတင် စီးလာသည့် လော်ဂျား-၁၁၀ စိမ်းပြာရောင်ဆိုင်ကယ်ပေါ်တွင်နောက်မှ နိုင်ဝင်းနှင့်ကိုဇော်တို့ စီးလာသည့်ဆိုင်ကယ်နှင့် မြို့ထဲသို့ မန္တလေးလမ်းအထွက် ကျီတော်ကုန်းရပ်ကွက် မိုင်တိုင် အမှတ်-၃၃၉/၄ အနီးတွင် မျက်နှာချင်းဆိုင် တိုက်မိကြသည်။

အရေးယူထား

ဆိုင်ကယ်တိုက်မှုကြောင့် မောင်တင်မှာ နေရာတွင်ပင်သေဆုံးသွားခဲ့သည်။ ထွန်းထွန်း(ခ)စွာတင်(၂၈နှစ်)၊ နိုင်ဝင်း အသက်(၃၀)၊ကိုဇော် အသက်(၂၀)တို့မှာလည်း ဒဏ်ရာအသီးသီးရရှိသွားသည်။ အဆိုပါဆိုင်ကယ်တိုက်မှုကို အမှတ်(၂)ရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ခင်မောင်ဦးက တရားလိုပြုလုပ်၍ ရဲစခန်း(ပ) ၂၇/၂၀၀၉၊ ပုဒ်မ-၃၀၄(က)ဖြင့် အရေးယူထားသည်။(ဝ၈၆)

ကျိုက်ထိုမြို့နယ် အဘိုင်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာတွင် ဖေဖော်ဝါရီ ၁၀ရက်က စက်ရေတွင်း ဖွင့်ပွဲကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြတ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်တင့်တင့်အေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နာဂစ်လေမုန်တိုင်းဒဏ်သင့် ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အရှိန်အဟုန်ဖြင့် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက လှူဒါန်းသည့် Bulldozer နှင့် Excavator များကို တွေ့ရစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ မြေထိုးစက်နှင့် မြေတူးစက်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၆

နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ဖြစ်ပွားပြီးချိန်မှစတင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက မြန်မာနိုင်ငံလေဘေးသင့် ပြည်သူများအတွက် အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေးကာလတွင် စားသောက်ကုန် ၁၆ ဒသမ ၈၇ တန်ခန့်၊ လူသုံးကုန် တန်၂၀ခန့်၊ ဆောက်လုပ်ရေးပစ္စည်း ၁၇တန်ခန့်၊ ဆေးဝါးခြောက်တန်ခန့်နှင့် မိုးကာတဲ ၁၆၂၈ လုံးတို့ကို ထောက်ပံ့လှူဒါန်းခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆေးဝါးအဖွဲ့ တစ်ဖွဲ့သည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်တွင် လေဘေးသင့်ပြည်သူ ၄၁၉၉ဦးတို့အား ဆေးဝါးကုသပေးခဲ့သည့်အပြင် မော်တော်ယာဉ်လေးစီးတို့ကိုလည်း လှူဒါန်းခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

မီးဘေးအန္တရာယ်နှင့်မတော်တဆမှုကင်းဝေးရေး စံချိန်စံညွှန်းမီ လျှပ်စစ်ဝိုင်ယာကြိုးများသုံးစွဲပေး

သတင်းမှတ်စု - မောင်ချစ်ကြည် ◆ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်

ရန်ကုန် မတ် ၁၆

လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား သုံးစွဲမှုလည်း များပြားလာသည်။ စက်ရုံ၊ အလုပ်ရုံနှင့် နေအိမ်အဆောက်အအုံများတွင် လျှပ်စစ်ပစ္စည်း သုံးစွဲမှုများလာခြင်းနှင့်အတူ လျှပ်စစ် မတော်တဆဖြစ်မှုများလည်း တိုးပွားလာသည်။ လျှပ်စစ်မတော်တဆဖြစ်မှုမှ မီးလောင်မှုများလည်း ဖြစ်ပွားလာသဖြင့် ပြည်သူတို့ အနေဖြင့် လျှပ်စစ်ဓာတ်အားကို စနစ်တကျ သုံးစွဲရန် အထူးလိုအပ်လာသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐



ငါး၊ ပုစွန်လုပ်ငန်းများဖြင့် ဖွံ့ဖြိုးဝေစည်နေသော ပေါက်တောမြို့



သတင်းခရီးသည် - သတင်းထောက်စဉ်ကူစိုးဝင်း ◆ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) ◆ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

စစ်တွေ မတ် ၁၆

မြန်မာ့အလင်းသတင်းအဖွဲ့သည် ပေါက်တောမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လေ့လာရန်အတွက် စစ်တွေမြို့မှ ပေါက်တောမြို့နယ်သို့ ဖရုံကာကျွန်းများအားဖြတ်၍ စိုးမဲကျီဆိပ်ကမ်းအရောက် မလိခအမြန်ယာဉ်ဖြင့် သွားခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

သစ်သီးဖျော်ရည်ကို နေ့စဉ်ပုံမှန်သောက်သုံးခြင်းဖြင့် အစာအိမ်နှင့်အူလမ်းကြောင်း ရောဂါများကာကွယ်နိုင်

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နေ့စဉ် နံနက်တိုင်း၌ သစ်သီးဖျော်ရည် တစ်ခွက်ကို ပုံမှန်သောက်သုံးပေးလျှင် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများ မဖြစ်ပွားအောင် ကာကွယ်ပေးနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

အရည်ရွှမ်း

သစ်သီးဖျော်ရည်ဟု ဆိုရာတွင် ကျန်းမာရေးအတွက် အထောက်အကူပြုစေမည့် အရည်ရွှမ်းသောမည်သည့် သစ်သီးမျိုးပင်ဖြစ်စေ သောက်သုံးနိုင်သည်ဟု ၎င်းက ပြောကြားသည်။

ထိုသို့ အရည်ရွှမ်းသော သစ်သီးဖျော်ရည်များကို ပြုလုပ်ရာတွင် သကြားနှင့် ဆားအပြင် အခြားအရသာထူးစေသည့် ဖြည့်စွက်ပစ္စည်းများ လုံးဝမထည့်သင့် ကြောင်းလည်း ဗြိတိသျှသုတေသနပညာရှင်များက အကြံပြုထားသည်။

သောက်သုံးသင့်

ထိုသို့သော သစ်သီးဖျော်ရည်ကို နေ့စဉ်မသောက်သုံးနိုင်လျှင် သီတင်းတစ်ပတ်လျှင် အနည်းဆုံး စာမျက်နှာ ၉ ကော်လံ ၆ ❍